# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### မိမိအဖို့ အကျိုးများနိုင်

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက် | ၂၀၂၆ ခုနှစ်၊ မတ် ၂၁ ရက်၊ စနေနေ့ | အတွဲ (၆၅)၊ အမှတ်(၁၇၂)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတင်ကျင်းပ

## နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်နိုင်ရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးများကို မတ် ၃၀ ရက်တွင် စတင်ကျင်းပမည်

နေပြည်တော် မတ် ၂၀

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

(ပြည်ထောင်စု လွှတ်တော်နာယက ၏ နှုတ်ခွန်းဆက်စကား အပြည့်အစုံကို စာမျက်နှာ ၄ တွင် ဖော်ပြထားပါသည်။)

ထို့နောက် ပြည်ထောင်စု လွှတ်တော်နာယကက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန် အစည်းအဝေး ပထမနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၅၈၆ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၈၅ ဦး တက်ရောက်သဖြင့် တက်ရောက်မှုရာခိုင်နှုန်း ၉၉ ဒသမ ၈၃ ရှိပြီး


*စာမျက်နှာ ၃ ကော်လံ ၁* ❋





တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပစဉ်။

## ယနေ့ *ဇတ်စရာ*

### တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့မည့် ပို့ကုန်လုပ်ငန်းရှင်များ GACC တွင် မှတ်ပုံတင်ခြင်း ဆောင်ရွက်ရန် လိုအပ်သည့်လုပ်ငန်းစဉ်များ



ဆောင်းပါး | စာ ၆





### ရေကဏ္ဍစုံဖွံ့ဖြိုးဖို့ ကျားမတန်းတူ ပါဝင်စို့


ဆောင်းပါး | စာ ၁၂


### (၁၁) ကြိမ်မြောက် ထိုင်းတက္ကသိုလ်ပေါင်းစုံ ပညာရေးပြပွဲ ရန်ကုန်မြို့၌ ကျင်းပမည်


ပြည်တွင်းသတင်း | စာ ၁၄


### အရှေ့အလယ်ပိုင်း၌ တင်းမာမှုများမြင့်တက်နေချိန်တွင် သီရိလင်္ကာနိုင်ငံက ကြားနေသဘောထားကို ထိန်းသိမ်းထားသည်ဟု သမ္မတက ပြောကြား


နိုင်ငံတကာသတင်း | စာ ၂၃

*ရှေ့ဖုံးမှ

ထက်ဝက်ကျော် တက်ရောက်သည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ အတည်ပြုမှတ်တမ်းတင်သည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၆၀ နှင့် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၄ တို့အရ လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အလိုက် ဒုတိယသမ္မတတစ်ဦးစီကို ရွေးချယ်တင်မြှောက်နိုင်ရန်အတွက် ဒုတိယသမ္မတလောင်းများ အဆိုပြုရမည့် လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးကို မတ် ၃၀ ရက်တွင် စတင်ကျင်းပရန် သတ်မှတ်ကြေညာသည်။

နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ကို ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့၊ ရွေးကောက်ခံ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့နှင့် တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့ သုံးဖွဲ့ ဖွဲ့စည်းပြီး တစ်ဖွဲ့စီက ဒုတိယသမ္မတ တစ်ဦးစီကို ရွေးချယ်တင်မြှောက်ကြမည်ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက က အစုအဖွဲ့အလိုက် အစည်းအဝေးများကို ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစုအဖွဲ့က ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ လည်းကောင်း၊ ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ လည်းကောင်း၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က သတ်မှတ်ပေးသည့်နေရာ၌ လည်းကောင်း ကျင်းပပြုလုပ်ကြရမည်ဖြစ်ကြောင်း အသိပေးကြေညာသည်။



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့သို့ တက်ရောက်လာသည့် လွှတ်တော်ကိုယ်စားလှယ်များကို တွေ့ရစဉ်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က သက်ဆိုင်ရာ အစုအဖွဲ့အလိုက် ဒုတိယသမ္မတ တစ်ဦးစီ ရွေးချယ်တင်မြှောက်ပြီးပါက သက်ဆိုင်ရာ လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်တင်မြှောက်ခံရသည့် ဒုတိယသမ္မတ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော် နာယကထံသို့ ပေးပို့တင်ပြရန်၊ အလားတူ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က တာဝန်ပေးအပ်သည့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကလည်း ၎င်းတို့ အစုအဖွဲ့က ရွေးချယ်တင်မြှောက်ထားသည့် ဒုတိယသမ္မတ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော် နာယကထံသို့ ပေးပို့တင်ပြရန်၊ တစ်ဆက်တည်းတွင် နိုင်ငံတော်သမ္မတ စိစစ်ရေးအဖွဲ့တွင် လွှတ်တော်နှစ်ရပ်၏ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့်အတူ ပါဝင်ရန်အတွက် ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၊ ရွေးကောက်ခံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးနှင့် တပ်မတော်သားအစုအဖွဲ့က လွှတ်တော် ကိုယ်စားလှယ်တစ်ဦးတို့ကိုလည်း တစ်ပါတည်းရွေးချယ်ပြီး အမည်စာရင်း ပေးပို့သွားကြရန်၊ အမည်စာရင်းများ ရရှိပြီးသည့်အခါ နိုင်ငံတော်သမ္မတ အရည်အချင်းနှင့် ပြည့်စုံမှု ရှိ/မရှိ ကို စိစစ်ခြင်း၊ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးကြေညာသည်။

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို နံနက်ပိုင်းတွင် ရပ်နားလိုက်ပြီး ဒုတိယနေ့ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြိုတင်အသိပေးကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့သို့ တက်ရောက်လာသည့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များကို တွေ့ရစဉ်။

# EV နည်းပညာအရွေ့တို့ကို အရှိန်မြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်





**နေပြည်တော် မတ် ၂၀**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ၂၀၅၀ ပြည့်နှစ် လမ်းပြမြေပုံနှင့် ညွှန်ကြားချက်များအတိုင်း လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာပြန့်ပွားရေး လုပ်ငန်းကော်မတီသည် နိုင်ငံတော်တွင် လျှပ်စစ်သုံးယာဉ်(Electric Vehicle၊ EV) ကဏ္ဍဖွံ့ဖြိုးရေးအတွက် ဆက်စပ်ဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်)၌ ယမန်နေ့ မွန်းလွဲပိုင်းက EV Stakeholders များနှင့် ညှိနှိုင်းဆွေးနွေးပွဲ (၁/၂၀၂၆)ကို Hybrid စနစ်ဖြင့် ကျင်းပရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌဖြစ်သူ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ လုပ်ငန်းကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအော်တိုမိုးတစ်(ဖ)အသင်းနှင့် ပြင်ပ EV အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက "နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့" ဟူသော အမျိုးသားရေးဆောင်ပုဒ်နှင့်အညီ မီးခိုးငွေ့များထုတ်လွှတ်သည့် ယာဉ်များသုံးစွဲမှုအစား EV သုံးစွဲမှုမှတစ်ဆင့် ရုပ်ကြွင်းလောင်စာအပေါ်မှီခိုရမှု၊ စက်သုံးဆီအတွက် နိုင်ငံခြားငွေ ကုန်ကျစရိတ်များကို လျှော့ချနိုင်ရေး၊ လေထုနှင့် အသံညစ်ညမ်းမှုများ လျှော့ချနိုင်ကာ ကျန်းမာရေးကောင်းမွန်မှုအပါအဝင် အခြားဆုလာဘ်များကို ပြည်သူတို့ ရရှိခံစားနိုင်စေရေးအတွက် သက်ဆိုင်ရာရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များ အောင်မြင်အောင်ဆောင်ရွက်သွားကြရန်၊ ပြည်တွင်းထုတ်လုပ်ရေးကို မြှင့်တင်နိုင်ရေးအတွက် သုတေသနများ ပူးပေါင်းဆောင်ရွက်သွားကြရန်၊ ယနေ့ဆွေးနွေးပွဲသည် နိုင်ငံတော်တွင် ၂၀၂၂ ခုနှစ်က စတင်ခဲ့သည့် EV ကဏ္ဍ၏ သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာပြန့်ပွားရေးအရွေ့တို့ကို ပိုမိုအရှိန်မြှင့်တင်နိုင်ရေးအတွက် EV Stakeholders များ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အရေးပါသော နိဒါန်းတစ်ခုဖြစ်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဖွင့်လှစ်ခဲ့ပြီးသော သင်တန်းများတွင် တက်ရောက်ခဲ့သည့် သင်တန်းဆင်းများက သင်တန်း အတွေ့အကြုံများနှင့် အကြံပြုချက်များကို ရှင်းလင်းတင်ပြခဲ့ကြပြီး တက်ရောက်လာသူများက သုတေသနလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြရာ လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာပြန့်ပွားရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့သည် EV အလုပ်ရုံအတွင်းရှိ လက်တွေ့လုပ်ငန်းများ လေ့ကျင့်ပေးရာတွင် အသုံးပြုနေသည့် အဆင့်မြင့် သင်ထောက်ကူမော်ကျူးများ၊ EV အမျိုးမျိုး၊EV ပြုပြင်ထိန်းသိမ်းရေး ကိရိယာများနှင့် Hand Tools များ၊ EV စာအုပ်များ ဖြည့်ဆည်းထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းကော်မတီဥက္ကဋ္ဌက ပြည်သူများ EV ကို သက်တမ်းပြည့် သုံးစွဲနိုင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးကာ လူမှုစီးပွားဘဝဖွံ့ဖြိုးမှုကို မြှင့်တင်ပေးနိုင်မည့် သင်တန်းများ၊ နည်းပညာလိုအပ်ချက်များကို အမှန်တကယ် ဖြည့်ဆည်းပေးနိုင်ကာ တက်ရောက်နိုင်မှုနှင့် ကိုက်ညီသည့် စိတ်ကြိုက် EV သင်တန်းများကို စံနှုန်းများနှင့်အညီ ဖွင့်လှစ်သွားနိုင်ရေး အလေးထားဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# တတိယအကြိမ်ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့၌ ပြည်ထောင်စုလွှတ်တော်နာယက ပြောကြားသည့် နှုတ်ခွန်းဆက်စကား

**“ ပြည်ထောင်စုလွှတ်တော်ကြီးဟာ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တို့မှာ တင်သွင်းဆွေးနွေးကြတဲ့ ဥပဒေကြမ်းတွေကို အတည်ပြုပေးရတဲ့ လွှတ်တော်ကြီးဖြစ်တဲ့အပြင် နိုင်ငံတော်အတွက် အရေးကြီးတဲ့ကိစ္စရပ်တွေကို အဆုံးအဖြတ်ပေးရတဲ့ လွှတ်တော်ကြီးဖြစ်တဲ့အတွက် ပြည်ထောင်စုလွှတ်တော်ရဲ့ အခန်းကဏ္ဍဂုဏ်ဒြပ်ဟာ မြင့်မားပါတယ် ”**

ယနေ့ကျင်းပတဲ့ တတိယအကြိမ်ပြည်ထောင်စုလွှတ်တော် ပထမပုံမှန် အစည်းအဝေး ပထမနေ့ကို တက်ရောက်လာကြတဲ့ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော့်ကို တတိယအကြိမ် အမျိုးသားလွှတ်တော်ရဲ့ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခဲ့တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၆၊ ပုဒ်မခွဲ(က)အရ ပြည်ထောင်စုလွှတ်တော်နာယကတာဝန်ကို လွှတ်တော်သက်တမ်းကာလ ၂ နှစ်ခွဲ၊ လပေါင်း ၃၀ ပူးတွဲတာဝန်ထမ်းဆောင်ရမှာဖြစ်လို့ များစွာဂုဏ်ယူဝမ်းမြောက်မိကြောင်း ပြောကြားလိုပါတယ်။

ဒီနေ့ဟာဆိုရင် ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကနေ နိုင်ငံသူ နိုင်ငံသားများရဲ့ ဆန္ဒနဲ့အညီ ရွေးကောက်တင်မြှောက်ခံထားရတဲ့ ပြည်သူ့ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်ကြီးများနဲ့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ စုံစုံလင်လင် စုစည်းတက်ရောက်လာကြတဲ့ တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမဦးဆုံးနေ့ ဖြစ်ပါတယ်။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား–

ကျွန်တော်တို့နိုင်ငံရဲ့ သမိုင်းကြောင်းဖြစ်စဉ်နဲ့ ခေတ်ကာလရဲ့ တောင်းဆိုချက်အရ နိုင်ငံတော်နဲ့ ပြည်သူအများစုရဲ့ လိုအင်ဆန္ဒပန်းတိုင်ဟာ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကြီး ပေါ်ထွန်းရေးဖြစ်ပါတယ်။ အဲ့ဒီပန်းတိုင်ကို အမြန်ဆုံးရောက်ရှိဖို့ ပါတီစုံဒီမိုကရေစီစနစ်ရှင်သန်ရေးဟာ အလွန်အရေးကြီးပါတယ်။ ဒီမိုကရေစီခရီးလမ်းလျှောက်လှမ်းနိုင်ဖို့အတွက် အခက်အခဲတွေ၊ စိန်ခေါ်မှုတွေကြားကပင် လက်ရှိ နိုင်ငံတော်အစိုးရက မဆုတ်မနစ်တဲ့ ဖွဲလုံ့လတို့နဲ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို လွတ်လပ်သန့်ရှင်းစွာ၊ တရားမျှတပြီး သိက္ခာရှိစွာနဲ့ နိုင်ငံတကာလေ့လာသူများရှေ့မှောက်မှာ အောင်မြင်စွာ ကျင်းပပေးခဲ့တာဖြစ်ပါတယ်။ ပြည်သူက ရွေးကောက်တင်မြှောက်လိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်တော်ကြီးများဟာလည်း ဥပဒေပြုရေးတာဝန်ကို ထမ်းဆောင်နိုင်ဖို့ အခုလို လွှတ်တော်အစည်းအဝေးတွေကို ကျင်းပပြုလုပ်နိုင်ခဲ့တာ ဖြစ်ပါတယ်။

တတိယအကြိမ် လွှတ်တော်အသီးသီးရဲ့ ပထမပုံမှန်အစည်းအဝေးမှာ နိုင်ငံတော်နဲ့ နိုင်ငံသားများအတွက် အရေးကြီးကိစ္စရပ်များဖြစ်တဲ့ နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်တဲ့ ကိစ္စရပ်တွေ၊ လွှတ်တော်ဥက္ကဋ္ဌ / ဒုဥက္ကဋ္ဌများ ရွေးကောက်တင်မြှောက်တာတွေ၊ ပြည်ထောင်စုအစိုးရဖွဲ့စည်းတာ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်တွေကို ခန့်အပ်တာဝန်ပေးအပ်ခြင်းဆိုင်ရာကိစ္စရပ်တွေ၊ သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက်ဝန်ကြီးချုပ်နဲ့အစိုးရအဖွဲ့ ဖွဲ့စည်းတာတွေ၊ လွှတ်တော်ရေးရာကော်မတီ၊ ပူးပေါင်းကော်မတီဖွဲ့စည်းတာတွေနဲ့စပ်လျဉ်းပြီး လွှတ်တော်တွေရဲ့ အဆုံးအဖြတ်ရယူကာ အတည်ပြုရေးလုပ်ငန်းတွေကို ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား–

၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့မှာ ဖြစ်ပွားခဲ့တဲ့ မန္တလေးငလျင်ကြီးရဲ့ လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုတွေကို အချိန်နှင့်တစ်ပြေးညီ ပြန်လည်ပြုပြင်ဆောင်ရွက်ပေးခဲ့လို့ ယခုလို လွှတ်တော်အစည်းအဝေးတွေကို အောင်မြင်စွာကျင်းပနိုင်တာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့အခြေအနေနဲ့ လိုက်လျောညီထွေစွာ၊ နိုင်ငံသားတွေရဲ့ ဂုဏ်တွေနဲ့ လိုက်လျောညီထွေစွာ ဒီလိုခံ့ညားထည်ဝါတဲ့ လွှတ်တော်အဆောက်အအုံကြီးတွေကို ပြုပြင်တည်ဆောက်ပေးတာ၊ လွှတ်တော်ကိုယ်စားလှယ်များ ရောက်ရှိလာတဲ့အခါမှာ အစစအရာရာ လိုလေသေးမရှိအောင် ကြိုတင်မြော်တွေးပြီး ဆောင်ရွက်ပေးခဲ့တာတွေအတွက် ပြည်ထောင်စုလွှတ်တော်က နိုင်ငံတော်အစိုးရ၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကို ကျေးဇူးဥပကာရအထူးတင်ရှိပါကြောင်း လေးစားစွာ ပြောကြားလိုပါတယ်။

ပြည်ထောင်စုလွှတ်တော်ကြီးဟာ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တို့မှာ တင်သွင်းဆွေးနွေးကြတဲ့ ဥပဒေကြမ်းတွေကို အတည်ပြုပေးရတဲ့ လွှတ်တော်ကြီးဖြစ်တဲ့အပြင် နိုင်ငံတော်အတွက် အရေးကြီးတဲ့ကိစ္စရပ်တွေကို အဆုံးအဖြတ်ပေးရတဲ့ လွှတ်တော်ကြီးဖြစ်တဲ့အတွက် ပြည်ထောင်စုလွှတ်တော်ရဲ့ အခန်းကဏ္ဍဂုဏ်ဒြပ်ဟာ မြင့်မားပါတယ်။ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်တွေရဲ့ အခန်းကဏ္ဍဟာလည်း အရေးပါပါတယ်။

ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ သတ်မှတ်ထားတဲ့ ဥပဒေ၊ နည်းဥပဒေတွေကို လေးစားလိုက်နာပြီး စံပြဖြစ်အောင် နေထိုင်ကြဖို့ လိုပါတယ်။ ဒါ့အပြင် ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲမထားဘဲ နိုင်ငံတော်ရဲ့ အမျိုးသားအကျိုးစီးပွား၊ နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့ အကျိုးစီးပွားကိုသာ ဦးထိပ်ထားပြီး မတူကွဲပြားခြားနားတဲ့ အမြင်တွေအပေါ်မှာ ပိုမိုကောင်းမွန်တဲ့ ဆုံးဖြတ်ချက်တွေ ထွက်ပေါ်လာစေဖို့ အပြန်အလှန် လေးစားမှုနဲ့ ဆွေးနွေးညှိနှိုင်းကြရမှာ ဖြစ်ပါတယ်။

တစ်ခါတစ်ရံ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တို့ သဘောထားကွဲလွဲတဲ့ ဥပဒေကြမ်းတွေကို ပြည်ထောင်စုလွှတ်တော်မှာ ဆွေးနွေးဆုံးဖြတ်ကြတဲ့အခါမှာလည်း လွှတ်တော်စွဲ၊ ဝါဒစွဲ၊ ပါတီစွဲ စတာတွေမထားရှိဘဲ ပိုမိုကောင်းမွန်တဲ့ ဥပဒေပြဋ္ဌာန်းချက်များ ဖြစ်ပေါ်လာစေရေးကိုသာ ဦးတည်ပြီး နားလည်မှု၊ စည်းလုံးညီညွတ်မှုတို့ကို အခြေခံပြီး ဆွေးနွေးသွားကြဖို့ ဖြစ်ပါတယ်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်စေချင်တာ၊ ထာဝရငြိမ်းချမ်းရေးရရှိပြီး စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ပြည်ထောင်စုကြီးကိုတည်ဆောက်လိုတာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်အားလုံးရဲ့ တူညီတဲ့ဆန္ဒဖြစ်ပြီး ဘုံရည်မှန်းချက်လည်း ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်နဲ့ နိုင်ငံသားများ အကျိုးဖြစ်ထွန်းစေမယ့်ကိစ္စရပ်တွေကို အပြန်အလှန်နားလည်မှုနဲ့ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ညှိနှိုင်းတိုင်ပင် ဆွေးနွေးကြရမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုလွှတ်တော်ရဲ့ အဓိက တာဝန်ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ နိုင်ငံတော်အချုပ်အခြာအာဏာရဲ့ ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့ တရားစီရင်ရေးအာဏာတွေကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနဲ့ အချင်းချင်း အပြန်အလှန်ထိန်းကျောင်းခြင်းတို့ကို ပြုရာမှာ ဥပဒေပြုခြင်းနဲ့ ထိန်းကျောင်းဆောင်ရွက်ခြင်းပဲ ဖြစ်ပါတယ်။

ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းလိုက်တဲ့ ဥပဒေတိုင်းဟာ အဖွဲ့အစည်းတစ်ခုရဲ့ အကျိုးစီးပွား၊ ပုဂ္ဂလိကအကျိုးစီးပွားထက် နိုင်ငံတော်ရဲ့အကျိုးစီးပွား၊ နိုင်ငံသူ နိုင်ငံသားများရဲ့ အကျိုးစီးပွားကို အဓိက ဖော်ဆောင်ပေးတဲ့ ဥပဒေများ ဖြစ်ရပါမယ်။ လက်ရှိမျက်မှောက်ကာလမှာ ခေတ်စနစ်နဲ့ မကိုက်ညီတော့တဲ့ ဥပဒေများကို ပြန်လည်လေ့လာဆန်းစစ်ပြီး လိုအပ်သလို ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း၊ နိုင်ငံတော်နဲ့ နိုင်ငံသူ နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေတဲ့ ဥပဒေအသစ်များ တင်သွင်းခြင်း၊ ဆွေးနွေးအတည်ပြုခြင်းများအပြင် လက်ရှိတည်ဆဲဥပဒေများရဲ့ အာဏာသက်ရောက်မှုရှိ မရှိ ပြန်လည်ဆန်းစစ်ပြီး လိုအပ်ပါက ပြင်ဆင်ကြရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များဟာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများမှာပါဝင်တဲ့ ဥပဒေပြုရေးဆိုင်ရာ ပြဋ္ဌာန်းချက်တွေကို ကြေညက်အောင် လေ့လာထားပြီး တိတိကျကျ လိုက်နာဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ ဥပဒေပြုလွှတ်တော်ကြီးအတွင်းကို ရောက်ရှိလာတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ နိုင်ငံတော်နဲ့ ပြည်သူများရဲ့အကျိုးကို အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်များ ပူးပေါင်းပြီး လွှတ်တော်အတွင်းမှာ ဝိုင်းဝန်းဆွေးနွေးဆုံးဖြတ်မှာဖြစ်လို့ ပြည်ထောင်စုစိတ်ဓာတ်အရင်းခံနဲ့ ပူးပေါင်းဆွေးနွေး လုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား–

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုလွှတ်တော်နာယကအဖြစ် တာဝန်ထမ်းဆောင်ခွင့်ရတဲ့ ကာလအတွင်း ဖြောင့်မတ်မှန်ကန်ပြီး သစ္စာရှိစွာနဲ့ နိုင်ငံသူ နိုင်ငံသားများ လိုလားတဲ့၊ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီးပေါ်ထွန်းလာရေးကို အလေးထားကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီမိုကရေစီ အလေ့အထများနဲ့အညီ ကျင်းပတဲ့ လွှတ်တော်မှာ ကျွန်တော်တို့အားလုံး လိုက်နာကျင့်သုံးရမယ့် ဥပဒေ၊ နည်းဥပဒေ၊ ဓလေ့ထုံးတမ်းတွေဟာ နောင်လာနောက်သားတွေအတွက် စံနမူနာပြစရာ အစဉ်အလာကောင်းတွေဖြစ်အောင် အားလုံးညီညီညွတ်ညွတ်နဲ့ ပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းပါကြောင်းနဲ့ ပြည်သူများယုံကြည်အားထားရတဲ့ လွှတ်တော်တစ်ရပ် ဖော်ဆောင်နိုင်မယ်လို့ ယုံကြည်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။

## အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ မှီခိုသူမိသားစုဝင် ကျောင်းသား ကျောင်းသူများအတွက် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်း၊ အင်္ဂလိပ်စာ(အခြေခံ)သင်တန်းနှင့် ကွန်ပျူတာသင်တန်းများ ဖွင့်



**နေပြည်တော် မတ် ၂၀**

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ မှီခိုသူမိသားစုဝင် ကျောင်းသား ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်ကာလများတွင် အချိန်ကိုအကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်း၊ အင်္ဂလိပ်စာ (အခြေခံ) သင်တန်းနှင့် ကွန်ပျူတာ သင်တန်းများဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ သင်တန်းနည်းပြဆရာ ဆရာမများ၊ သင်တန်းသား ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက သင်တန်းဖွင့် အမှာစကားပြောကြားသည်။ ထို့နောက် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (ရှမ်းပြည်နယ်) YMBA ဥက္ကဋ္ဌက ကျောင်းသား ကျောင်းသူများအတွက် အခြေခံဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာ စာအုပ်များနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ဓမ္မစကူးကော်မတီဥက္ကဋ္ဌက ကျောင်းသား ကျောင်းသူများအတွက် ချီးမြှင့်ငွေနှင့် ဓမ္မစကူးစာအုပ်များ ပေးအပ်လှူဒါန်းရာ တိုင်းမှူးက လက်ခံရယူသည်။

အဆိုပါ ယဉ်ကျေးလိမ္မာသင်တန်းကို သင်တန်းသား သင်တန်းသူ ၁၇၆ ဦးဖြင့် လည်းကောင်း၊ အင်္ဂလိပ်စာ(အခြေခံ)သင်တန်းကို သင်တန်းသား သင်တန်းသူ ၅၈ ဦးဖြင့် လည်းကောင်း၊ ကွန်ပျူတာသင်တန်းကို သင်တန်းသား သင်တန်းသူ ၆၉ ဦးဖြင့် လည်းကောင်း မေ ၁၈ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး မော်လမြိုင်မြို့ တပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး



**နေပြည်တော် မတ် ၂၀**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်လင်းမောင်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ ပြည်သူ့စစ်မှုထမ်းများ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား သွားရောက်ကြည့်ရှုသည်။

ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက တစ်ဦးချင်း၏ ဒဏ်ရာရရှိမှု၊ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်း၍ အားပေးစကားပြောကြားပြီး ဆေးရုံတက်လူနာများအတွက် ချီးမြှင့်ငွေနှင့် အာဟာရဖြည့် အစားအသောက်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ်အခြေပြု ခွာနာလျှာနာရောဂါကင်းရှင်းဇုန်နှင့် ကာကွယ်ဇုန်သတ်မှတ်ကြေညာ



**နေပြည်တော် မတ် ၂၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် အခြေပြု ခွာနာလျှာနာရောဂါ ကင်းရှင်းဇုန်နှင့် ကာကွယ်ဇုန် သတ်မှတ်ကြေညာခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော် ရုံးအမှတ်(၁၅) စုဝေးဆောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် အခြေပြု ခွာနာလျှာနာရောဂါ ကင်းရှင်းဇုန်နှင့် ကာကွယ်ဇုန်တည်ထောင်နိုင်ခြင်းအားဖြင့် ရောဂါကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်နိုင်ခြင်း၊ မွေးမြူတောင်သူများ၊ ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝကို ပိုမိုဖွံ့ဖြိုးတိုးတက်စေခြင်း၊ ခွာနာလျှာနာရောဂါ ကင်းရှင်းခြင်းဖြင့် ကျွဲ/နွား ကုန်သွယ်မှုလုပ်ငန်းများ၌ ပိုမိုထောက်ပံ့ပေးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိလာမည် ဖြစ်ကြောင်း၊ ခွာနာလျှာနာရောဂါ ကင်းရှင်းဇုန် ဖော်ဆောင်နိုင်ခြင်းသည် နိုင်ငံတော်၏ စီးပွားရေးကို တစ်ဖက်တစ်လမ်းမှ ပံ့ပိုးပေးနိုင်မည်ဖြစ်သလို နိုင်ငံတော်၏ အသားတင်ထုတ်လုပ်မှု(GDP)ကို တိုးမြှင့်လာအောင် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ခွာနာလျှာနာ ကင်းရှင်းဇုန်ဖော်ဆောင်ခြင်းလုပ်ငန်းကို စနစ်တကျ ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

ကင်းရှင်းဇုန်အဖြစ် သတ်မှတ်တည်ထောင် ပြီးစီးပါကလည်း ဇုန်အင်္ဂါရပ်များနှင့်အညီ ရေရှည်တည်တံ့ခိုင်မြဲရန်အတွက် ဦးစီးဌာနအနေဖြင့် ဆက်လက်လုပ်ဆောင်သွားရမည် ဖြစ်ကြောင်း၊ အခြေခံကျသော အချက်အလက်များ ဖြစ်သည့် မြေပြင်ဦးဆောင်ရမည့် မြို့နယ် ရှစ်မြို့နယ်မှ ဌာနဆိုင်ရာ အကြီးအမှူးများ၊ အုပ်ချုပ်ရေးအာဏာပိုင် အဖွဲ့အစည်းများအနေဖြင့်လည်း ပံ့ပိုးကူညီနိုင်ရေး ဆောင်ရွက်သွားကြရန်၊ ထို့ပြင် ဆက်စပ်ဌာနများ၊ အဖွဲ့အစည်းများ၊ မွေးမြူရေးလုပ်ငန်းရှင်များ အနေဖြင့်လည်း ကျရာကဏ္ဍကနေ ဝိုင်းဝန်းပူးပေါင်းထိန်းသိမ်း ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ကင်းရှင်းဇုန်တည်ထောင်ရသည့် ရည်ရွယ်ချက်နှင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ခွာနာလျှာနာရောဂါ ကင်းရှင်းဇုန်နှင့် ကာကွယ်ဇုန် တည်တံ့နိုင်ရေး ဆောင်ရွက်သွားမည့် စည်းကမ်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြပြီး FMD ကင်းရှင်းဇုန်နှင့် ကာကွယ်ဇုန်ဆောင်ရွက်ပြီးစီးမှုကို သတ်မှတ်ကြေညာသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ နေပြည်တော် ကောင်စီဝင် အဖွဲ့ဝင်(၁)၊ အုပ်ချုပ်မှုပိုင်းဆိုင်ရာ အကြီးအကဲများ၊ အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ တိရစ္ဆာန်ဆေးပညာကောင်စီနှင့် တိရစ္ဆာန်ဆရာဝန်များအသင်း၊ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အထူးဖိတ်ကြားထားသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နိုင်ငံ့ဝန်ထမ်းများတက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၃)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား သွားရောက်တွေ့ဆုံ



**နေပြည်တော် မတ် ၂၀**

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၃)သို့ တက်ရောက်ကြမည့် တနင်္သာရီတိုင်းဒေသကြီး အတွင်းမှ နိုင်ငံ့သားကောင်းရတနာများအား ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက မြိတ်မြို့ နယ်မြေခံတပ်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးနှင့်တာဝန်ရှိသူများက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၃)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအား အသုံးအဆောင်ပစ္စည်းကို ပေးအပ်ပြီး ရင်းရင်းနှီးနှီး အားပေးစကားပြောကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❖ *ကျောဖုံးမှ*

ထို့ပြင် ရင်းနှီးမြှုပ်နှံသူသည် ယူဆောင်လာသည့် အမေရိကန် ဒေါ်လာ(USD) ဖြစ်စေ၊ တရုတ်ငွေကြေး ယွမ် (CNY) ဖြစ်စေ ရင်းနှီးမြှုပ်နှံမည့် နိုင်ငံခြားမတည်ငွေရင်းကို နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်း (AD) လိုင်စင်ရဘဏ်များမှတစ်ဆင့် ရင်းနှီးမြှုပ်နှံမှုအတွက် ပြောင်းလဲပေးချေမှုများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ သိရသည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ၊ ဒေသပေါင်း ၅၃ ခုအနက် ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်သော နိုင်ငံ၊ ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်ပြီး စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံး ရင်းနှီးမြှုပ်နှံထားသည့်ကဏ္ဍများမှာ လျှပ်စစ်ဓာတ်အားကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၂၇ ရာခိုင်နှုန်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၆၂ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၆၇ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံထားကြောင်း သိရသည်။

**သတင်းစဉ်**


(၆၆) ကြိမ်မြောက် ကမ္ဘာ့မိုးလေဝသနေ့
၂၀၂၆ ခုနှစ်၊ မတ်လ ၂၃ ရက်

“သဘာဝဘေး ကာကွယ်ဖို့ နေ့စဉ်တိုင်းတာစောင့်ကြည့်စို့”
“Observing Today, Protecting Tomorrow”

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

# တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့မည့် ပို့ကုန်လုပ်ငန်းရှင်များ GACC တွင် မှတ်ပုံတင်ခြင်းဆောင်ရွက်ရန် လိုအပ်သည့်လုပ်ငန်းစဉ်များ

*မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန*




တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန်အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့ (General Administration of Customs of China-GACC) ၏ ကြေညာချက်အမှတ် ၂၄၈ နှင့် ၂၄၉ တို့အရ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ စားသောက်ကုန် တင်ပို့မည့်/ တင်ပို့လျက်ရှိသည့် လုပ်ငန်းရှင်များအနေဖြင့် GACC တွင် မှတ်ပုံတင်ပြီးမှသာ တင်ပို့ခွင့်ရရှိမည် ဖြစ်ပါသည်။

GACC တွင် Protocol အရ မှတ်ပုံတင်ဆောင်ရွက်ခြင်း၊ Online စနစ်ဖြင့် မှတ်ပုံတင်ဆောင်ရွက်ခြင်းနှင့် Manual စနစ်ဖြင့် မှတ်ပုံတင်ခြင်းအတွက် ကုန်စည်အုပ်စုအလိုက် မြန်မာနိုင်ငံမှ ထောက်ခံချက်ပေးမည့် သက်ဆိုင်ရာအာဏာပိုင်အဖွဲ့ (Competent Authority) များမှာ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့ ဖြစ်ပါသည်။

GACC တွင် မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်အတွက် အောက်ပါအတိုင်း ဆောင်ရွက်ရမည် ဖြစ်ပါသည်-

(က) Competent Authority ၏ ထောက်ခံချက်ဖြင့် Online စနစ်ဖြင့် မှတ်ပုံတင်ရန် ကုန်စည်အုပ်စု ၁၈ ခု၊

(၁) အသားနှင့် အသားထုတ်ကုန်များ (Meat and meat products)၊
(၂) စားသုံးနိုင်သော ရေထွက်ကုန်ပစ္စည်းများနှင့် မွေးမြူရေးထုတ်ကုန်များအပါအဝင် ရေထွက်ကုန်များ (Aquatic Products Including edible and Farmed Products)၊
(၃) နို့ထွက်ပစ္စည်းများ (Dairy Products)၊
(၄) ငှက်သိုက်နှင့် ဆက်စပ်ထုတ်ကုန်များ (Nest and Bird's Nest Products)၊
(၅) အစာသွတ်ရန်အသုံးပြုသည့် အပေါ်ခွံအစွပ် (Casings)၊
(၆) ပျားရည်နှင့် ပျားထွက်ပစ္စည်းများ (Bee products)၊
(၇) ဥနှင့် ဥထွက်ပစ္စည်းများ (Egg and Egg Products)၊
(၈) စားသုံးဆီနှင့် ဆီထွက်ပစ္စည်းများ (Edible Fats and Oils)၊
(၉) အပြင်အသားအား ဂျုံသားဖြင့် ပြုလုပ်ထားပြီး စားသုံးနိုင်သည့် (သို့မဟုတ်) အေးခဲထားသည့် ထုတ်ကုန်များ (Stuffed Pastry Products)၊
(၁၀) စားသုံးနိုင်သော နှံစားသီးနှံများ (Edible Grains)၊
(၁၁) သီးနှံကြိတ်ခွဲလုပ်ငန်းမှ ထုတ်ကုန်များနှင့် မုယောစပါး (Grain Milling Industrial Products and Malt)၊
(၁၂) လတ်ဆတ်သော ဟင်းသီးဟင်းရွက်များနှင့် တာရှည်ခံအောင်ပြုလုပ်ထားသည့်အခြောက်ခံထားသောဟင်းသီးဟင်းရွက်များ (Fresh and Dehydrated Vegetables)၊
(၁၃) ပဲမျိုးစုံ (Dried Beans)၊
(၁၄) ဟင်းခတ်အမွှေးအကြိုင်များ (Seasonings)၊
(၁၅) အခွံမာသီးနှင့် အစေ့များ (Nuts and Seeds)၊
(၁၆) သစ်သီးခြောက်များ (Dried Fruits)၊
(၁၇) မလှော်ရသေးသော ကော်ဖီစေ့နှင့် ကိုကိုးစေ့များ (Unroasted Coffee Beans and Cocoa Beans)၊
(၁၈) အထူးအာဟာရဖြည့် စားသောက်ကုန်များနှင့် ကျန်းမာရေးဆိုင်ရာ စားသောက်ကုန်များ (Food for special dietary purpose functional food)။

(ခ) ဖော်ပြပါကုန်စည်အုပ်စု ၁၈ ခုတွင် ပါဝင်ခြင်းမရှိသည့် ကုန်စည်များကို ထုတ်လုပ်/ တင်ပို့မည့် လုပ်ငန်းများအနေဖြင့် GACC ၏ Website: https://cifer.singlewindow. cn တွင် လုပ်ငန်းကိုယ်တိုင်ဝင်ရောက်၍ Account ဖွင့်လှစ်ပြီး တိုက်ရိုက်လျှောက်ထားရမည်။

(ဂ) Competent Authority ၏ ထောက်ခံချက်ဖြင့် မှတ်ပုံတင်ရန် ကုန်စည်အုပ်စု ၁၈ ခုအနက်မှ စိုက်ပျိုးရေးဦးစီးဌာနမှတစ်ဆင့် Manual စနစ်ဖြင့် မှတ်ပုံတင်ဆောင်ရွက်ရမည့် ကုန်စည်အမျိုးအစားများမှာ ကော်ဖီစေ့၊ ကိုကိုးစေ့၊ လတ်ဆတ်သော ဟင်းသီးဟင်းရွက်များ၊ ဟင်းခတ်အမွှေးအကြိုင်များ၊ စားသုံးနိုင်သည့် အစေ့အဆန်များ၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံများ၊ တရုတ်တိုင်းရင်းဆေးထုတ်လုပ်သည့် တိရစ္ဆာန် (သို့မဟုတ်) အပင်မူရင်းတို့ဖြစ်သည်။

(ဃ) GACC တွင် Online စနစ်ဖြင့် မှတ်ပုံတင်လျှောက်ထားရမည့် စိုက်ပျိုးရေးထွက်ကုန်များအတွက် လျှောက်လွှာပုံစံအား သီးနှံကာကွယ်ရေးဌာနခွဲ၏ Website: https:// ppd.doa.gov.mm/ တွင် Download ရယူနိုင်ပြီး စိုက်ပျိုးရေးဦးစီးဌာန၊ (Competent Authority) မှ ထုတ်ပေးသော Sub-Account ဖြင့် https://www.cifer. single window.cn ၌ ဝင်ရောက်လျှောက်ထားရမည်။

(င) GACC တွင် Manual စနစ်ဖြင့် မှတ်ပုံတင်လျှောက်ထားရမည့် စိုက်ပျိုးရေးထွက်ကုန်များအတွက် လျှောက်လွှာပုံစံအား သီးနှံကာကွယ်ရေးဌာနခွဲ၏ Website: https:// ppd.doa.gov.mm/ တွင် Dowload ရယူနိုင်ပြီး စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ ဘုရင့်နောင်လမ်းမကြီး၊ အင်းစိန်၊ ရန်ကုန်မြို့တွင် သွားရောက်လျှောက်ထားရမည်။

(စ) အေးခဲ၊ အခြောက်၊ ဆားနယ်ရေထွက်ကုန်များ(Frozen, Dried, Salted Products)နှင့် ရေခဲရိုက်ရေထွက်ကုန်များ (Chilled Products) များအား GACC တွင် Online စနစ်ဖြင့် မှတ်ပုံတင်ရန် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များမှာ-

(၁) မှတ်ပုံတင်လိုသော စက်ရုံ/ကုမ္ပဏီများသည် ငါးလုပ်ငန်းဦးစီးဌာနတွင် မှတ်ပုံတင်ရန် ခွင့်ပြုချက် လျှောက်ထားရမည်။
(၂) မှတ်ပုံတင်ရန်ခွင့်ပြုချက်ရရှိပြီးပါက ငါးလုပ်ငန်းဦးစီးဌာနမှ ငါး/ ပုစွန် ပြုပြင်ထုတ်လုပ်သည့် စက်ရုံ/ကုမ္ပဏီများအား GACC ၏ Website တွင် ဝင်ရောက်မှတ်ပုံတင်လျှောက်ထားနိုင်ရန် User Name, Password (Account) များအား ပြုလုပ်ဆောင်ရွက်ပေးပါမည်။
(၃) ငါး/ပုစွန် ပြုပြင်ထုတ်လုပ်သည့် စက်ရုံ/ကုမ္ပဏီများအနေဖြင့် ငါးလုပ်ငန်းဦးစီးဌာနမှ ပြုလုပ်ပေးထားသည့် Account ဖြင့် ဝင်ရောက်၍ GACC ၏ Website တွင် မှတ်ပုံတင်လျှောက်ထားရန် လိုအပ်သည့် အချက်အလက်များဖြစ်သည့် ငါးလုပ်ငန်းဦးစီးဌာနမှ ထုတ်ပေးထားသည့် ငါး/ပုစွန် ပြုပြင်ထုတ်လုပ်သည့် စက်ရုံလိုင်စင် (Fishery Processing License)၊ အခြေခံအချက်အလက်များ (Basic Information)၊ ထုတ်လုပ်မှုနှင့် သက်ဆိုင်သော အချက်အလက်များ (Production related information)၊ စက်ရုံ၏မြေပုံ (Layout Plan)၊ ထုတ်လုပ်သည့် အမျိုးအစား (Production Type)၊ ကုမ္ပဏီ၏ကြေညာလွှာ (Enterprise Declaration) စသည့် အချက်အလက်များ ဖြည့်စွက်ပြီး ငါးလုပ်ငန်းဦးစီးဌာနသို့ တင်ပြရပါမည်။
(၄) ဖြည့်စွက်ထားသည့်အချက်အလက်များအား ငါးလုပ်ငန်းဦးစီးဌာနမှ မှန်ကန်မှု ရှိ/ မရှိ စိစစ်ဆောင်ရွက်ပါမည်။
(၅) ဖြည့်စွက်ထားသည့် အချက်အလက်များ မှန်ကန်မှု မရှိပါက သက်ဆိုင်ရာ စက်ရုံ/ ကုမ္ပဏီများအနေဖြင့် မှန်ကန်မှုရှိသည်အထိ ပြန်လည်ပြင်ဆင်ရပါမည်။
(၆) ဖြည့်စွက်ထားသည့် အချက်အလက်များ မှန်ကန်မှု ရှိပါက GACC မှ ချမှတ်ထားသည့် Regulation များနှင့်အညီ ရေးဆွဲထားသည့် "ပြည်ပသို့ ထုတ်လုပ်မှုလုပ်ငန်းများအတွက် GACC သို့ မှတ်ပုံတင်ရာတွင် လိုအပ်သည့် အကဲဖြတ်မှတ်တမ်း (Checklist of GACC Registration Requirement for Oversea Production Enterprise Template)" ဖြင့် စက်ရုံသို့ သွားရောက်စစ်ဆေးပါမည်။
(၇) Check list ပါ Regulation အတိုင်း လိုက်နာဆောင်ရွက်မှုရှိပါက အဆိုပါအကဲဖြတ်မှတ်တမ်းနှင့်အတူ ငါးလုပ်ငန်းဦးစီးဌာနမှ ထောက်ခံချက် (Recommendation Letter)နှင့်အတူ GACC သို့ တင်ပြ၍ မှတ်ပုံတင်ရယူရမည်။

(ဆ) စားသုံးနိုင်သည့် ရေနေသတ္တဝါအရှင်များ ( Edible Aquatic Products) အား GACC တွင် Manual စနစ်ဖြင့် မှတ်ပုံတင်ရန် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များမှာ-

(၁) မှတ်ပုံတင်လိုသော ကုမ္ပဏီများသည် ငါးလုပ်ငန်းဦးစီးဌာနတွင် မှတ်ပုံတင်ရန် ခွင့်ပြုချက်လျှောက်ထားရမည်။

*စာမျက်နှာ ၇ သို့*

**"တရုတ်နိုင်ငံသို့ ပို့ကုန်များတင်ပို့ရာတွင် သတ်မှတ်ချက်များနှင့် ကိုက်ညီခြင်းမရှိသည့် ကုမ္ပဏီ/လုပ်ငန်းများကို တင်သွင်းခွင့် ရပ်စဲမည်ဖြစ်၍ ထုတ်ကုန်အရည်သွေးမြှင့်တင်ခြင်းနှင့် ထုတ်ကုန်အညွှန်းများ၊ တင်ပြရမည့် စာရွက်စာတမ်းများ ကိုက်ညီမှုရှိစေခြင်းနှင့် ကုမ္ပဏီအမည်ပြောင်း၊ လိပ်စာပြောင်းများ ဆောင်ရွက်ထားပါက ကုန်စည်တင်ပို့ခြင်းမပြုမီ အမည်/လိပ်စာသစ် လျှောက်ထားပြီးစီးခြင်း ရှိ/မရှိ စစ်ဆေးဆောင်ရွက်ခြင်းများကို သတိပြုဆောင်ရွက်ရမည်"**

# ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းအမှတ်စဉ် (၁/၂၀၂၆) သင်တန်းဆင်းပွဲ ကျင်းပ



နေပြည်တော် မတ် ၂၀

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနကကြီးမှူးဖွင့်လှစ်သည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး (Anti–Money Laundering and Countering the Financing of Terrorism–AML/CFT) ဆိုင်ရာ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၂၆) သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု သင်တန်းကျောင်း၌ ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

**အကျိုးရှိရှိ အသုံးချ**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက သင်တန်းတွင် မကြာမီကပြဋ္ဌာန်းခဲ့သည့် ၂၀၂၆ ခုနှစ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ အပါအဝင် AML/CFT ဆိုင်ရာ ဆက်စပ်ပြည်တွင်းဥပဒေများ၊ AML/CFT ဆိုင်ရာ နိုင်ငံတကာစံနှုန်းများ၊ လက်ရှိ မြန်မာနိုင်ငံ၏ AML/CFT ဆိုင်ရာ ဆောင်ရွက်ချက်များနှင့် တိုးတက်ဆောင်ရွက်မှု အခြေအနေများ၊ မြန်မာနိုင်ငံ၏ အမျိုးသားအဆင့်မဟာဗျူဟာ ၂၀၂၄–၂၀၂၈ ပါ အကောင်အထည်ဖော် ဆောင်ရွက်ရမည့် အဓိကလုပ်ငန်းစဉ်များ၊ ကြီးကြပ်ရေးဆိုင်ရာနှင့် အန္တရာယ်အကဲဖြတ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်များ၊ ဆုံးရှုံးနိုင်ခြေအခြေပြု ကြီးကြပ်စစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းခွင်နှင့် လုပ်ငန်းခွင်ပြင်ပ ကွင်းဆင်းစစ်ဆေးခြင်းများ၊ သတင်းပို့ရန်တာဝန်နှင့် ကြိုတင်ကာကွယ်ရေးဆိုင်ရာနည်းလမ်းများကို သင်ကြားပို့ချပေးခဲ့ကြောင်း၊ သင်တန်းသားများအနေဖြင့် သင်တန်းမှပို့ချပေးခဲ့သော AML/CFT ဆိုင်ရာ ဥပဒေမူဘောင်များနှင့် နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်နေသော AML/CFT ဆိုင်ရာလုပ်ငန်းစဉ်များကို ပိုမိုသိရှိနားလည်ပြီး လက်တွေ့လုပ်ငန်းခွင်တွင် အကျိုးရှိရှိ ပြန်လည်အသုံးချခြင်းဖြင့် မြန်မာနိုင်ငံ၏ AML/CFT ဆိုင်ရာလုပ်ငန်းစဉ်များတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်သွားကြရန်တိုက်တွန်းကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သင်တန်းတွင် ထူးချွန်သူများအား ဆုများချီးမြှင့်ပြီးသင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

သင်တန်းသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအောက်ရှိ ဌာနများမှ အရာထမ်း ၃၅ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

*စာမျက်နှာ ၆ မှ*

(၂) မှတ်ပုံတင်ခွင့်ရရှိပြီးပါက GACC မှ သတ်မှတ်ထားသည့် Registration Form များတွင် ဖြည့်စွက်ပြီး ငါးလုပ်ငန်းဦးစီးဌာနသို့ တင်ပြရမည်။

(၃) ဖြည့်စွက်ထားသည့်အချက်အလက်များအား ငါးလုပ်ငန်းဦးစီးဌာနမှ မှန်ကန်မှု ရှိ/ မရှိ စိစစ်ဆောင်ရွက်ပါမည်။

(၄) ဖြည့်စွက်ထားသည့် အချက်အလက်များ မှန်ကန်မှု မရှိပါက သက်ဆိုင်ရာ စက်ရုံ/ကုမ္ပဏီများအနေဖြင့် မှန်ကန်မှုရှိသည်အထိ ပြန်လည်ပြင်ဆင်ရပါမည်။

(၅) ဖြည့်စွက်ထားသည့် အချက်အလက်များ မှန်ကန်မှုရှိပါက GACC မှ ချမှတ်ထားသည့် Regulation များနှင့်အညီ ကိုက်ညီမှု ရှိ/ မရှိ သွားရောက်စစ်ဆေးပါမည်။

(၆) Checklist ပါ Regulation အတိုင်း လိုက်နာဆောင်ရွက်မှုရှိပါက ငါးလုပ်ငန်းဦးစီးဌာနမှ ထောက်ခံချက် (Reco–mmendation Letter) နှင့်အတူ GACC သို့ တင်ပြ၍ မှတ်ပုံတင်ရယူရမည်။

(ဇ) စားသုံးဆီနှင့် ဆီထွက်ပစ္စည်းများ (Edible Fats and Oils)၊ အပြင်အသားအား ဂျုံသားဖြင့်ပြုလုပ်ထားပြီး စားသုံးနိုင်သည့် (သို့မဟုတ်) အေးခဲထားသည့်ထုတ်ကုန်များ (Stuffed Pastry Pro–ducts)နှင့် အထူးအာဟာရဖြည့် စားသောက်ကုန်များနှင့် ကျန်းမာရေးဆိုင်ရာ စားသောက်ကုန်များ (Food for special dietary purpose functional food) တို့အတွက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(FDA)မှ ထောက်ခံချက်ရယူပြီးမှသာ GACC တွင် မှတ်ပုံတင်လျှောက်ထားရမည်။

(ဈ) တိရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်ရေးဇုန်များ၊ တိရစ္ဆာန်ရောဂါကင်းရှင်းရေးဇုန်များ၊ တိရစ္ဆာန်မွေးမြူရေးဇုန်များမှ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများအား GACC တွင် မှတ်ပုံတင်ရန် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များမှာ–

(၁) မှတ်ပုံတင်လိုသောကုမ္ပဏီများသည် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ မှတ်ပုံတင်ရန် ခွင့်ပြုချက် လျှောက်ထားရပါမည်။

(၂) မှတ်ပုံတင်ရန် ခွင့်ပြုချက်ရရှိပြီးပါက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ အဆိုပါကုမ္ပဏီအား GACC Website တွင် ဝင်ရောက် မှတ်ပုံတင်လျှောက်ထားနိုင်ရန် User Name၊ Password (Account) အား ပြုလုပ်ဆောင်ရွက်ပေးပါမည်။

(၃) ကုမ္ပဏီအနေဖြင့် ဌာနမှ ပြုလုပ်ပေးထားသည့် Account ဖြင့် GACC Website သို့ ဝင်ရောက်၍ လုပ်ငန်းခွင့်ပြုလက်မှတ်၊ အခြေခံအချက်အလက်များ၊ ဝန်ထမ်းအရင်းအမြစ်၊ ထုတ်လုပ်သည့်နည်းလမ်း အသေးစိတ်၊ စက်ရုံ၏မြေပုံ၊ ထုတ်လုပ်သည့်အမျိုးအစား၊ ကုမ္ပဏီ၏ဝန်ခံချက် စသည့်အချက်အလက်များ ဖြည့်စွက်ပြီးပါက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ တင်ပြရမည်။

(၄) ဖြည့်စွက်ထားသည့် အချက်အလက်များအား မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မှန်ကန်မှု ရှိ/ မရှိ စိစစ်ဆောင်ရွက်ပါမည်။

(၅) အချက်အလက်များ မှန်ကန်မှုမရှိပါက မှန်ကန်မှုရှိသည်အထိ ပြန်လည်ပြင်ဆင်ဖြည့်စွက်ရပါမည်။

(၆) အချက်အလက်များ မှန်ကန်မှုရှိပါက GACC မှ ချမှတ်ထားသည့် Regulation များနှင့်အညီ ရေးဆွဲထားသည့် အကဲဖြတ်မှတ်တမ်း (Checklist of GACC Registration Requirement for Oversea Production Enterprise Template) ဖြင့် လုပ်ငန်းသို့ သွားရောက်စိစစ်ပါမည်။

(၇) Checklist နှင့် GACC Regulation ကိုက်ညီပါက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ထောက်ခံချက်လက်မှတ် (Recommendation Letter) ထုတ်ပေးပြီး GACC သို့တင်ပြ၍ မှတ်ပုံတင်ခွင့် ရယူရမည်။

(ည) ရေထွက်ကုန်ပစ္စည်းများအနက်မှ ရေခဲရိုက်ရေထွက်ကုန်များ (Chilled Products) နှင့် အေးခဲ၊ အခြောက်၊ ဆားနယ်ရေထွက်ကုန်များ (Frozen, Dried, Salted Products) များအတွက် GACC တွင် Online စနစ်ဖြင့် မှတ်ပုံတင်ရရှိသည့် သက်တမ်းကာလသည် ငါးနှစ်ဖြစ်ပြီး အရှင်ရေထွက်ကုန်များ (Live Products) နှင့် မွေးမြူရေးရေထွက်ကုန်များ (Farm Products) များအတွက် Manual စနစ်ဖြင့် မှတ်ပုံတင်ရရှိသည့် သက်တမ်းကာလသည် သုံးနှစ်ဖြစ်၍ သက်တမ်းတိုးလျှောက်ထားရေး သတိပြုဆောင်ရွက်ရမည်၊ သက်တမ်းတိုးလျှောက်ထားရမည့် အချိန်ကာလ သုံးလမှ ခြောက်လအတွင်း လျှောက်ထားနိုင်ရေး သတိပြုဆောင်ရွက်ရမည်။

(ဋ) မြန်မာနိုင်ငံမှ အရှင်ရေထွက်ကုန်များ (Live Products) နှင့် မွေးမြူရေးရေထွက်ကုန်များ (Farm Products) များမှလွဲ၍ ကျန်စားသောက်ကုန်များအတွက် GACC တွင် မှတ်ပုံတင်သက်တမ်းကာလသည် ငါးနှစ်ဖြစ်၍ သက်တမ်းတိုးလျှောက်ထားရမည့် အချိန်ကာလ သုံးလမှ ခြောက်လအတွင်း လျှောက်ထားနိုင်ရေး သတိပြုဆောင်ရွက်ရမည်။

(ဌ) GACC တွင် မှတ်ပုံတင်ရရှိပြီးဖြစ်သည့် ကုမ္ပဏီ/လုပ်ငန်းများအနေဖြင့် အမည်ပြောင်းခြင်း ဆောင်ရွက်လိုပါက မှတ်ပုံတင် စတင်လျှောက်ထားသည့် (Online/Manual)စနစ်အလိုက် GACC ၏ Web–site: https://www.cifer.singlewindow.cn တွင် လည်းကောင်း၊ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့ (Competent Authority) မှတစ်ဆင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံးသို့ ပေးပို့၍ GACC တွင် လျှောက်ထားရမည်။ GACC တွင် မှတ်ပုံတင်ရရှိပြီးဖြစ်သည့် ကုမ္ပဏီ/ လုပ်ငန်းများအနေဖြင့် လိပ်စာပြောင်းခြင်း ဆောင်ရွက်လိုပါက GACC မှ New Establishment အဖြစ် သတ်မှတ်သည့်အတွက် GACC မှတ်ပုံတင်အား အသစ်ပြန်လည်လျှောက်ထားရမည်။

(ဍ) GACC တွင် မှတ်ပုံတင်လျှောက်ထားသည့် ကုမ္ပဏီ/လုပ်ငန်းများအား GACC အနေဖြင့် ကိုယ်တိုင်ဖြစ်စေ၊ ယုံကြည်စိတ်ချရသောအဖွဲ့ကိုဖြစ်စေ လျှောက်လွှာစိစစ်ရေးအဖွဲ့အား ဖွဲ့စည်းပြီး သိရှိလိုသောအချက်များကို စာဖြင့်မေးမြန်းစစ်ဆေးခြင်း၊ ဗီဒီယိုဖြင့် ကြည့်ရှုစစ်ဆေးခြင်း၊ လုပ်ငန်းနေရာကို လာရောက်စစ်ဆေးခြင်းတို့ကို ပြုလုပ်မည်ဖြစ်၍ သတ်မှတ်ချက်များနှင့် ကိုက်ညီအောင် လိုက်နာဆောင်ရွက်ရမည်။

(ဎ) GACC တွင် မှတ်ပုံတင်ရရှိပြီးဖြစ်သည့် ကုမ္ပဏီ/လုပ်ငန်းများသည် မှတ်ပုံတင်အသစ် လျှောက်ထားရာတွင် သတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိခြင်း၊ လုပ်ငန်းရှင်ကဖြစ်စေ၊ Competent Authority ကဖြစ်စေ မှတ်ပုံတင်ပယ်ဖျက်ခြင်းကို လျှောက်ထားခြင်း၊ Compe–tent Authority ၏ ကြီးကြပ်ကွပ်ကဲမှု၊ စစ်ဆေးမှုနှင့် အတည်ပြုချက်မရှိခြင်းများဖြစ်ပေါ်ပါက GACC သည် မှတ်ပုံတင်ခြင်းကို ပယ်ဖျက်မည်ဖြစ်သဖြင့် သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ဏ) တရုတ်နိုင်ငံသို့ ပို့ကုန်များတင်ပို့ရာတွင် သတ်မှတ်ချက်များနှင့် ကိုက်ညီခြင်းမရှိသည့် ကုမ္ပဏီ/လုပ်ငန်းများကို တင်သွင်းခွင့် ရပ်စဲမည်ဖြစ်၍ ထုတ်ကုန်အရည်သွေးမြှင့်တင်ခြင်းနှင့် ထုတ်ကုန်အညွှန်းများ၊ တင်ပြရမည့် စာရွက်စာတမ်းများ ကိုက်ညီမှုရှိစေခြင်းနှင့် ကုမ္ပဏီအမည်ပြောင်း၊ လိပ်စာပြောင်းများ ဆောင်ရွက်ထားပါက ကုန်စည်တင်ပို့ခြင်းမပြုမီ အမည်/လိပ်စာသစ် လျှောက်ထားပြီးစီးခြင်း ရှိ/မရှိ စစ်ဆေးဆောင်ရွက်ခြင်းများကို သတိပြုဆောင်ရွက်ရမည်။

မြန်မာနိုင်ငံမှ Online စနစ်ဖြင့် မှတ်ပုံတင်ရရှိပြီး လုပ်ငန်းများစာရင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ GACC ၏ Website: https://ciferquery.singlewindow.cn/ တွင် လည်းကောင်း၊ Manual စနစ်ဖြင့် မှတ်ပုံတင်ရရှိပြီး လုပ်ငန်းစာရင်းများကို GACC ၏ Website: http://dzs. customs.gov.cn/ တွင်လည်းကောင်း ဝင်ရောက်ကြည့်ရှုနိုင်သည်။

မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းရန်အတွက် ဖျက်ပိုးအန္တရာယ်ဆန်းစစ်လေ့လာခြင်း (Pest Risk Analysis–PRA) အချက်အလက်များ ပေးပို့ရန်မလိုအပ်ဘဲ တင်သွင်းခွင့်ထောက်ခံချက် လျှောက်ထားနိုင်သော အပင်နှင့်အပင်ထွက်ပစ္စည်း ၂၅၂ မျိုး၏ စာရင်းများအား သီးနှံကာကွယ်ရေးဌာနခွဲ၏ Website: https://ppd.doa.gov.mm/ ၏ Announcements တွင် Dowload ရယူနိုင်သည်။

မြန်မာနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ စားသောက်ကုန်တင်ပို့မည့်/ တင်ပို့လျက်ရှိသည့် လုပ်ငန်းရှင်များအနေဖြင့် GACC တွင် မှတ်ပုံတင်ဆောင်ရွက်နိုင်ရန် သိရှိလိုသည်များရှိပါက ဖုန်းနံပါတ်– ၀၆၇ ၃၄၀၈၆၀၅၊ ၀၆၇ ၃၄၀၈၆၄၃၊ ၀၆၇ ၃၄၀၈၆၁၇ နှင့် အီးမေးလ်– myantrade. domestic@gmail.com သို့ ဆက်သွယ်၍ စုံစမ်းမေးမြန်းနိုင်သည်။ ။

---

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ

**ရန်ကုန် မတ် ၂၀**

တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အဆောက်အအုံ အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်းက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိန်းထွန်းအား သဘာပတိအဖြစ် အဆိုတင်သွင်းပြီး ကြည့်မြင်တိုင်မြို့နယ်မဲဆန္ဒနယ်မှ ဒေါ်တင်ထွန်းဦးက ထောက်ခံသည့်အတွက် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးမင်းသိန်းထွန်းကို သဘာပတိအဖြစ် တင်မြှောက်ကြောင်း အခမ်းအနားမှူးက ကြေညာသည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် မဲဆန္ဒနယ်မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးငွေအောင်တစ်ဦးတည်းကို အဆိုပြုမှုရှိခဲ့ပြီး ကန့်ကွက်သူမရှိ အတည်ပြုခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ရာတွင် တောင်ဥက္ကလာပမြို့နယ် မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်စိုးအား ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံခဲ့ရကြောင်း သဘာပတိကကြေညာပြီး သဘာပတိရှေ့မှောက်၌ ကတိသစ္စာပြုကြကာ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြပြီးနောက် သဘာပတိက ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးငွေအောင်ထံ တာဝန်လွှဲအပ်ကာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးငွေအောင်က နှုတ်ခွန်းဆက်စကားပြောကြားသည်။



အစည်းအဝေးစတင်သည့်နေ့၌ တက်ရောက်ခွင့်ရှိသည့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ၁၂၃ ဦး တက်ရောက်ကြောင်း သိရသည်။ **သတင်းစဉ်**



# တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေးကျင်းပ

**မန္တလေး မတ် ၂၀**

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး (ပထမနေ့)ကိုယနေ့ နံနက်၁၀ နာရီက မန္တလေးတိုင်းဒေသကြီး လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် ၇၂ ဦး တက်ရောက်ကြသည်။

ဦးစွာ သဘာပတိအဖြစ် ပြည်ကြီးတံခွန်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းလွင်ကို တင်မြှောက်ပြီး တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌအဖြစ် မိတ္ထီလာမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကျော်မိုး၊ လွှတ်တော် ဒုတိယဥက္ကဋ္ဌအဖြစ် ရမည်းသင်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်တို့အား ရွေးကောက်တင်မြှောက်သည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က သဘာပတိ ရှေ့မှောက်တွင် ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုချက်တွင် လက်မှတ်ရေးထိုးခြင်း ဆောင်ရွက်ကြပြီး သဘာပတိက လွှတ်တော်ဥက္ကဋ္ဌထံ တာဝန်လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။

**မြင့်မော်ထွန်း(ပြန်/ဆက်)**




# တတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ကျင်းပ

**ဘားအံ မတ် ၂၀**

တတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီက ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသူ ၂၃ ဦးအနက် ပျက်ကွက်သူမရှိ ရာနှုန်းပြည့် တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ဘားအံမြို့နယ် လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးစောမြင့်ဦးအား သဘာပတိအဖြစ် တင်မြှောက်ကြပြီး လွှတ်တော်ဥက္ကဋ္ဌအဖြစ် သံတောင်ကြီးမြို့နယ် လွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးစန်းကိုအားလည်းကောင်း၊ လွှတ်တော် ဒုတိယဥက္ကဋ္ဌအဖြစ် မြဝတီမြို့နယ် လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)ဦးအေးမင်းထွေးအားလည်းကောင်း အမည်စာရင်းသွင်းထောက်ခံ၍ တင်မြှောက်ခဲ့ကြသည်။

ယင်းနောက် လွှတ်တော်ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌတို့က သဘာပတိရှေ့မှောက်တွင် ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုး၍ သဘာပတိက ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌအား လွှတ်တော်အစည်းအဝေးဆိုင်ရာ လုပ်ငန်းတာဝန်များကို လွှဲပြောင်းပေးအပ်ကာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစန်းကိုက နှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

# တတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ

**ပုသိမ် မတ် ၂၀**

တတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ လေးမျက်နှာမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်ဝင်းနိုင်ကို သဘာပတိအဖြစ် တင်မြှောက်ပြီး သဘာပတိ ဦးကျော်ဝင်းနိုင်က တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ သဘာပတိအဖြစ်လည်းကောင်း လွှတ်တော်ရှေ့မှောက်၌ ကတိသစ္စာပြု၍ ကတိသစ္စာပြုလွှာတွင် လက်မှတ်ရေးထိုးကာ သဘာပတိက နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက သဘာပတိရှေ့မှောက်၌ ကတိသစ္စာပြု၍ ကတိသစ္စာပြုလွှာတွင် လက်မှတ်ရေးထိုးခဲ့သည်။



ဆက်လက်၍ လွှတ်တော်ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ရာ ဦးသိန်းထွန်း ကျောင်းကုန်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁)ကို ဦးမြင့်ကြိုင်၊ ကျုံပျော်မြို့နယ် ကိုယ်စားလှယ် အမှတ် (၁)က အမည်စာရင်း တင်သွင်းပြီး ဦးစန်းမင်း၊ လပွတ္တာမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) က ထောက်ခံခဲ့သည်။ ဥက္ကဋ္ဌလောင်း အမည်စာရင်း တင်သွင်းခံရသူ တစ်ဦးတည်းသာရှိသဖြင့် ဦးသိန်းထွန်း၊ ကျောင်းကုန်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁)အား လွှတ်တော်ဥက္ကဋ္ဌ အဖြစ် ရွေးကောက်တင်မြှောက်ကြောင်း သဘာပတိက ကြေညာသည်။

ဆက်လက်၍ လွှတ်တော်ဆိုင်ရာ နည်းဥပဒေများနှင့်အညီ ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ရာ ဦးစောသက်နိုင်ဦး၊ ကန်ကြီးထောင့်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) နှင့် ဦးသိန်းလွင်၊ ဇလွန်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂)တို့ကို ဒုတိယဥက္ကဋ္ဌလောင်းအဖြစ် တစ်ဦးထက်ပို၍ အမည်စာရင်း တင်သွင်းခဲ့ကြသည့်အတွက် လွှတ်တော်ဆိုင်ရာ နည်းဥပဒေပါ သတ်မှတ်နည်းလမ်းများနှင့်အညီ လျှို့ဝှက်ဆန္ဒမဲပေး၍ အဆုံးအဖြတ်ရယူရာ ဦးစောသက်နိုင်ဦးက ထောက်ခံမဲအများဆုံး ရရှိသဖြင့် ဦးစောသက်နိုင်ဦး၊ ကန်ကြီးထောင့်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)ကို လွှတ်တော်ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက် တင်မြှောက်ကြောင်း သဘာပတိက ကြေညာခဲ့သည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က သဘာပတိရှေ့မှောက်၌ ကတိသစ္စာပြု၍ ကတိသစ္စာပြုလွှာတွင် လက်မှတ်ရေးထိုးခဲ့ပြီး သဘာပတိက လွှတ်တော်ဥက္ကဋ္ဌထံ တာဝန်လွှဲအပ်ခဲ့သည်။

ထို့နောက် လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ စတင်ကျင်းပ

**မြစ်ကြီးနား မတ် ၂၀**

ကချင်ပြည်နယ်လွှတ်တော်၏ တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးကို ယနေ့နံနက်ပိုင်းက မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက်အတွင်းရှိ ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြပြီး သဘာပတိတင်မြှောက်ခြင်း အပါအဝင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ ရွေးကောက်တင်မြှောက်ခဲ့ကြသည်။

ဦးစွာ ပြည်နယ်လွှတ်တော် သဘာပတိအဖြစ် မြစ်ကြီးနားမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) ဒေါက်တာ သန်းငွေးအောင်အား တင်မြှောက်ခဲ့ကြပြီး သဘာပတိက ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌအဖြစ် အမည်စာရင်း တင်သွင်းခဲ့သူ မချမ်းဘောမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) ဦးရားဝမ်ဂျုံးအား ပြည်နယ်ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ မိုးညှင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) ဦးသန်းထွန်းအေးအား ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခံရကြောင်း ကြေညာပြီး လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က သဘာပတိရှေ့မှောက်တွင် ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခဲ့ကြကာ သဘာပတိက ကချင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျုံးထံ တာဝန်လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။ **ပြည်နယ်(ပြန်/ဆက်)**




# တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးကျင်းပ




**စစ်တွေ မတ် ၂၀**

တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက်ပိုင်းက ရခိုင်ပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ စစ်တွေမြို့နယ် မဲဆန္ဒနယ် အမှတ် (၁) မှ ဦးနိုင်ဦးအား သဘာပတိအဖြစ် ရွေးကောက်တင်မြှောက်ခဲ့သည်။ ဆက်လက်၍ သဘာပတိက နှုတ်ခွန်းဆက်စကားပြောကြားပြီး တတိယအကြိမ် ရခိုင်ပြည်နယ် လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ စတင်ကျင်းပကြောင်းနှင့် အထမြောက်ကြောင်း ကြေညာသည်။ ယင်းနောက် ရခိုင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက သဘာပတိရှေ့တွင် ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာတွင် လက်မှတ် ရေးထိုးကြသည်။

ဆက်လက်၍ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားကာ ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူသည်။

ဆက်လက်၍ စစ်တွေမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါက်တာ စန်းရွှေအား လွှတ်တော်ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခဲ့သည်။

ထို့နောက် ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌအဖြစ် မြေပုံမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဒေါက်တာ ထင်လင်းဦးအား ရွေးချယ်တင်မြှောက်ကြသည်။

ယင်းနောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌတို့က သဘာပတိ ရှေ့မှောက်တွင် ကတိသစ္စာပြု၍ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြပြီး ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအား သဘာပတိက တာဝန်လွှဲအပ်သည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။

**တင်ထွန်း(ပြန်/ဆက်)**

# တတိယအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ စတင်ကျင်းပ

**မကွေး မတ် ၂၀**

တတိယအကြိမ်မကွေးတိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီက မကွေးမြို့ရှိ တိုင်းဒေသကြီး လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ စတင်ကျင်းပရာ သဘာပတိအဖြစ် တင်မြှောက်ရန် နတ်မောက်မဲဆန္ဒနယ် (၁) မှ ဦးဆန်းညွန့်အောင်က နတ်မောက်မဲဆန္ဒနယ် (၂)မှ ဦးကြည်ထွန်း တစ်ဦးတည်းကိုသာ အမည်စာရင်း တင်သွင်းပြီး ပခုက္ကူမဲဆန္ဒနယ်(၂)မှ ဦးခင်မောင်ညိုက ထောက်ခံသည့်အတွက် သဘာပတိအဖြစ် ဦးကြည်ထွန်းကို ရွေးချယ်တင်မြှောက်ကြသည်။

ထို့နောက် မကွေးမဲဆန္ဒနယ်(၁)မှ ဒေါက်တာမောင်မောင်ငွေးကိုတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌအဖြစ် တင်မြှောက်ကာ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌအဖြစ် ပခုက္ကူမဲဆန္ဒနယ်(၂)မှ ဦးခင်မောင်ညိုအား တင်မြှောက်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့် ဒေါက်တာ မောင်မောင်ငွေးနှင့် ဦးခင်မောင်ညိုတို့က သဘာပတိရှေ့မှောက်၌ ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

ထို့နောက် သဘာပတိက ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေအရတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်ငွေးကို တာဝန်လွှဲအပ်သည်။

ယင်းနောက် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်ငွေးက နှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။

**ကိုရဲ(ပြန်/ဆက်)**




# တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ ကျင်းပ

**မော်လမြိုင် မတ် ၂၀**

တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက်ပိုင်းက မွန်ပြည်နယ်လွှတ်တော်ရုံး ဆွေးနွေးပွဲခန်းမ၌ ကျင်းပပြုလုပ်ရာ မွန်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များက တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် သဘာပတိအဖြစ် ချောင်းဆုံမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကြည်သိန်းကို ရွေးချယ်တင်မြှောက်ခဲ့ကြသည်။




ဆက်လက်၍ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူခဲ့ကြပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ရာ ကိုယ်စားလှယ် အမည်စာရင်း အဆိုပြု၊ ထောက်ခံရာတွင် မော်လမြိုင်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂) မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသက်ထွေးကို ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ရွေးကောက် တင်မြှောက်ရာ၌ ကိုယ်စားလှယ် အမည်စာရင်း အဆိုပြု၊ ထောက်ခံရာတွင် ရေးမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးမင်းအောင်မြင့်ကို ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း အသီးသီး ရွေးကောက်တင်မြှောက်ခဲ့ကြပြီး ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က သဘာပတိ ရှေ့မှောက်တွင် ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

ယင်းနောက် ပြည်နယ်လွှတ်တော်သဘာပတိက ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌအား တာဝန်လွှဲအပ်ခဲ့ကာ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။

**စည်သူ**
**(ပြန်/ဆက်)**

# တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးကျင်းပ

**တောင်ကြီး မတ် ၂၀**

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ နမ့်စန်မြို့နယ် မဲဆန္ဒနယ်ကိုယ်စားလှယ်အမှတ်(၁)ဦးလင်းအောင်ဆွေကို သဘာပတိအဖြစ် ရွေးချယ်တင်မြှောက်ကြပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ရာ ဦးစိုင်းလုံကျော် ဖယ်ခုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)အား ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌအဖြစ် တင်မြှောက်ကြောင်း သဘာပတိက ကြေညာသည်။

ယင်းနောက် ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ရာ မိုင်းပျဉ်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၁) ဦးစိုင်းထွန်းစိန်နှင့်မိုင်းပန်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂) ဦးစဝ်သာဦး၊ နှစ်ဦး အမည်စာရင်းတင်သွင်းရာ ရှမ်းပြည်နယ်လွှတ်တော် နည်းဥပဒေ(၁၈)အရ ဆန္ဒမဲလက်မှတ်အသုံးပြု၍ ကိုယ်စားလှယ်များမှ လျှို့ဝှက်ဆန္ဒမဲဖြင့် မဲခွဲဆုံးဖြတ်ရာ ဦးစိုင်းထွန်းစိန်က ဆန္ဒမဲလက်မှတ် ၁၀၂ မဲရရှိသည့်အတွက် ၂၀၁၃ ခုနှစ် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ(၂၆)နှင့် နည်းဥပဒေ(၂၇)တို့အရ ဦးစိုင်းထွန်းစိန်အား ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌအဖြစ် တင်မြှောက်ကြောင်း သဘာပတိက ကြေညာသည်။



ဆက်လက်၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့် ဦးစိုင်းလုံကျော်နှင့် ဦးစိုင်းထွန်းစိန်တို့က သဘာပတိရှေ့မှောက်၌ကတိသစ္စာပြုပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

ထို့နောက် သဘာပတိက ၂၀၁၃ ခုနှစ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၂၉)အရ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံကျော်ကို တာဝန်လွှဲအပ်ပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။

**မောင်မောင်သန်း(တောင်ကြီး)**

# တတိယအကြိမ် ကယားပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတင်ကျင်းပ



**လွိုင်ကော် မတ် ၂၀**

တတိယအကြိမ် ကယားပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် လွိုင်ကော်မြို့ရှိ လွှတ်တော် အဆောက်အအုံ လွှတ်တော်အစည်းအဝေးခန်းမ၌ စတင်ကျင်းပရာ ဒီးမော့ဆိုမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) ကိုယ်စားလှယ် ဦးပိုးရယ်အောင်သိန်းအား သဘာပတိအဖြစ် ရွေးချယ်တင်မြှောက်ကြသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌအဖြစ်လွိုင်ကော်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ကိုယ်စားလှယ် ဦးမော်ရယ်အား တင်မြှောက်ကြောင်း သဘာပတိက ကြေညာသည်။

ယင်းနောက် ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌအဖြစ် ဘော်လခဲမြို့နယ် မဲဆန္ဒနယ် အမှတ် (၁) မှ ကိုယ်စားလှယ် ဦးစိုးရယ်အား တင်မြှောက်ကြောင်း သဘာပတိက ကြေညာသည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့် ဦးမော်ရယ်နှင့် ဦးစိုးရယ်တို့က သဘာပတိရှေ့မှောက်၌ ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

ထို့နောက် သဘာပတိက ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကို တာဝန်လွှဲအပ်ပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**

# တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ

**ထားဝယ် မတ် ၂၀**

တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီက တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များက ကရင်တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ် စောမာတင်လူသာ အား သဘာပတိအဖြစ် တင်မြှောက်ခဲ့ကြပြီး လွှတ်တော်တွင် သဘာပတိက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် သဘာပတိရှေ့မှောက်တွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက ဦးမြတ်ကို၊ ထားဝယ်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)အား တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဦးခင်မောင်မြင့်၊ ရေဖြူမြို့နယ် လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)အား တတိယအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း အသီးသီး ရွေးကောက်တင်မြှောက်ခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က သဘာပတိရှေ့မှောက်တွင် ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း၊ တိုင်းဒေသကြီးလွှတ်တော် သဘာပတိက လွှတ်တော်ဥက္ကဋ္ဌအား တာဝန်လွှဲအပ်ခြင်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်အမှာစကားပြောကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ စတင်ကျင်းပ



**ပဲခူး မတ် ၂၀**

တတိယအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေးပထမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ပဲခူးတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ ရွှေတောင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးနိုင်မင်းဆွေ (ခ) ဦးထွန်းထွန်းဦးကို သဘာပတိအဖြစ် ရွေးချယ်တင်မြှောက်သည်။

ယင်းနောက် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌအဖြစ် ပြည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ချိုဦးအား တင်မြှောက်ကြောင်း သဘာပတိက ကြေညာသည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌအဖြစ် ဖြူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) မှ ဦးကျော်ငွေအား တင်မြှောက်ကြောင်း သဘာပတိက ကြေညာသည်။

ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့် ဦးအောင်ချိုဦးနှင့် ဦးကျော်ငွေတို့က သဘာပတိရှေ့မှောက်၌ ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။ ထို့နောက် သဘာပတိက ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေအရ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ချိုဦးထံ တာဝန်လွှဲအပ်သည်။ ယင်းနောက် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။

**သက်ဖြိုးကြိုင်(ပြန်/ဆက်)**

# တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတင်ကျင်းပ

**မုံရွာ မတ် ၂၀**

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် မုံရွာမြို့ရှိ လွှတ်တော်အဆောက်အအုံ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမ၌ စတင်ကျင်းပရာ မင်းကင်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဆန်းဝင်းက နန်းယွန်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းအား သဘာပတိအဖြစ် အဆိုတင်သွင်းပြီး ကလေးဝမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းက ထောက်ခံသည့်အတွက် နန်းယွန်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းကို သဘာပတိအဖြစ် တင်မြှောက်ကြောင်း အခမ်းအနားမှူးက ကြေညာသည်။




ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ရာ ကလေးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးမင်းဇော်က စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌလောင်းအဖြစ် မုံရွာမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးတင့်လှိုင်မြင့် တစ်ဦးတည်းကိုသာ အမည်စာရင်းတင်သွင်းပြီး ကန့်ဘလူမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးသက်ကိုကိုကျော်က ထောက်ခံသည့်အတွက် ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ (၁၇)အရ မုံရွာမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင့်လှိုင်မြင့်အား တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌအဖြစ် တင်မြှောက်ကြောင်း သဘာပတိက ကြေညာသည်။

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ရာ အရာတော်မြို့နယ် မဲဆန္ဒနယ် အမှတ် (၁) မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်းက တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌလောင်းအဖြစ် ကန့်ဘလူမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးသန့် တစ်ဦးတည်းကိုသာ အမည်စာရင်းတင်သွင်းပြီး အရာတော်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်သန်းထွန်းက ထောက်ခံသည့်အတွက် ကန့်ဘလူမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးသန့်အား ဒုတိယဥက္ကဋ္ဌအဖြစ် တင်မြှောက်ကြောင်း သဘာပတိက ကြေညာသည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့် ဦးတင့်လှိုင်မြင့်နှင့် ဦးမျိုးသန့်တို့က သဘာပတိ၏ ရှေ့မှောက်၌ ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

ထို့နောက် သဘာပတိက တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်ထံ တာဝန်လွှဲအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတင်ကျင်းပ

**ဟားခါး မတ် ၂၀**

တတိယအကြိမ် ချင်းပြည်နယ် လွှတ်တော် ပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီက ဟားခါးမြို့ရှိ ချင်းပြည်နယ် လွှတ်တော် အဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိလောင်းအဖြစ် တင်မြှောက်ရန် အမည်စာရင်း တင်သွင်းသူ နှစ်ဦးရှိသည့်အတွက် လျှို့ဝှက်ဆန္ဒမဲပေး ရွေးချယ်ရာ မဲအများဆုံးရရှိသည့် ဟားခါးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါက်တာ ဝုန်ဆွန်းထန်ကို သဘာပတိအဖြစ် ရွေးချယ်တင်မြှောက်ကြသည်။




ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ရာ မတူပီမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးသန့်စင်ဦးက ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌလောင်းအဖြစ် ပလက်ဝမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးကောလ်လျန်ထန်း တစ်ဦးတည်းကိုသာ အမည်စာရင်းတင်သွင်းပြီး တီးတိန်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်ကာကျင်က ထောက်ခံသည့်အတွက် ၂၀၁၃ ခုနှစ်၊ ပြည်နယ်လွှတ်တော် နည်းဥပဒေ (၁၇)အရ ပလက်ဝမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကောလ်လျန်ထန်းအား ချင်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌအဖြစ် တင်မြှောက်ကြောင်း သဘာပတိက ကြေညာသည်။

ယင်းနောက် ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ရာ ထန်တလန်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးအောင်ကျော်ဌေးက ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌလောင်းအဖြစ် မတူပီမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန့်စင်ဦး တစ်ဦးတည်းကိုသာ အမည်စာရင်းတင်သွင်းပြီး ပလက်ဝမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးကောလ်လျန်ထန်းက ထောက်ခံသည့်အတွက် ၂၀၁၃ ခုနှစ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ (၂၂) အရ ထန်တလန်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးသန့်စင်ဦးအား ဒုတိယဥက္ကဋ္ဌအဖြစ် တင်မြှောက်ကြောင်း သဘာပတိက ကြေညာသည်။

ဆက်လက်၍ ချင်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့် ဦးကောလ်လျန်ထန်းနှင့် ဦးသန့်စင်ဦးတို့က သဘာပတိ၏ ရှေ့မှောက်၌ ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

ထို့နောက် သဘာပတိက ၂၀၁၃ ခုနှစ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ (၂၉)အရ ချင်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးကောလ်လျန်ထန်းကို တာဝန်လွှဲအပ်သည်။

ယင်းနောက် ချင်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး တောင်ငူခရိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**တောင်ငူ မတ် ၂၀**

ပဲခူးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးတင်ဆွေသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက တောင်ငူခရိုင်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် ခရိုင်လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးမင်းဇာညားထော၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ) မောင်မောင်နိုင်မင်း၊ ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ဒေါ်စုစုစံ၊ လုပ်ငန်းအရည်အသွေး ထိန်းသိမ်းရေးအဖွဲ့များနှင့်အတူ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုအထွေထွေပိုလျှံ(GRF) ရန်ပုံငွေဖြင့် ရေတာရှည်မြို့နယ် သပြေတန်း - ထန်းကုန်း - ဇလုပ်ကြီးလမ်းပေါ်ရှိ ရှာဝင်တံတား သံကူကွန်ကရစ်တံတား (6.1m) တစ်စင်း တည်ဆောက်ပြီးစီးမှုနှင့် ယခုဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ရေတာရှည်မြို့နယ် ပေါက်ချောင်းကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းပြီးစီး၍ ကျေးရွာနေပြည်သူများ အသုံးပြုသွားလာနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန တောင်ငူခရိုင် လမ်းဦးစီးဌာနက ကြီးကြပ်၍ BOT စနစ်ဖြင့် ဆောင်ရွက်သည့် ရန်ကုန်-တောင်ငူ-မန္တလေးလမ်း (ဇေယျာဝတီ- ရေတာရှည်လမ်းပိုင်း) မိုင် (၁၇၇/၀ နှင့် ၁၇၇/၁) ကြားရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း၊ မိုင် (၁၇၃/၅ နှင့် ၁၇၃/၆) ကြားရှိ ကျောက်ကတ္တရာ ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ အုတ်တွင်းမြို့နယ် လမ်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်သော အုတ်တွင်းမြို့နယ်ရှိ ခပေါင်း-မြင်းစု- ထန်းတပင်- တပြေးလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



**ဇော်ကိုကို(တောင်ငူ)**



# အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**သရက် မတ် ၂၀**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ၂၀၂၆ ခုနှစ် မတ် ၂၁ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့အထိမ်းအမှတ် ခရိုင်အဆင့် အခမ်းအနားကို ယနေ့နံနက်ပိုင်းက အစိုးရစက်မှုလက်မှုသိပ္ပံ(သရက်) ကျောင်း၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးက အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ကို ၂၀၁၂ ခုနှစ်က စတင်ပြီး ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံက သစ်ပင်သစ်တော ထိန်းသိမ်းခြင်းဆိုင်ရာ အသိပညာ ဗဟုသုတများ တိုးပွားစေရန် ရည်ရွယ်၍ နှစ်စဉ် မတ် ၂၁ ရက်ကို သတ်မှတ်ပေးခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းမိုးက အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ သိကောင်းစရာများ ရှင်းလင်းပြောကြားပြီး အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ အထိမ်းအမှတ် ဗီဒီယိုကို ပြသခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

ကမ္ဘာ့ရေနေ့ ၂၀၂၅ အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲ ပထမဆုရ ဆောင်းပါး

# ရေကဏ္ဍစုံ ဖွံ့ဖြိုးဖို့ ကျားမတန်းတူ ပါဝင်စို့


### အကန့်အသတ်ဖြင့်ရှိနေသော ကျွန်ုပ်တို့၏ ရေချိုအရင်းအမြစ်

ကမ္ဘာမြေပေါ်ရှိ ရေသည် အလွန်များပြားသည်ဟု ထင်မြင်ရသော်လည်း လူသားများ တိုက်ရိုက်အသုံးချနိုင်သည့် ရေချိုပမာဏမှာ အကန့်အသတ်ဖြင့်သာရှိနေပါသည်။ သိပ္ပံဆိုင်ရာ သုတေသနများအရ ကမ္ဘာပေါ်ရှိ ရေအားလုံး၏ ၉၇ ရာခိုင်နှုန်းခန့်သည် ရေငန်ဖြစ်ပြီး ပင်လယ်များ၊ သမုဒ္ဒရာများအတွင်းတွင် တည်ရှိပါသည်။ ကမ္ဘာပေါ်ရှိရေအားလုံးထဲတွင် ရေချိုပမာဏမှာ ၃ ရာခိုင်နှုန်းခန့်သာရှိပြီး ထိုရေချိုထဲမှလည်း လူသားများ တိုက်ရိုက်အသုံးချနိုင်သည့် ရေချိုပမာဏမှာ ၁ ရာခိုင်နှုန်းခန့်သာရှိသည်ကို ပုံ(၁)တွင် ဖော်ပြထားပါသည်။

ထို့ကြောင့် ရေချိုအရင်းအမြစ်များသည် လူသားများ၏ အသက်ရှင်ရပ်တည်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါဆုံးသော အခြေခံအရင်းအမြစ်တစ်ခုဖြစ်သော်လည်း စနစ်တကျစီမံခန့်ခွဲမှုမရှိပါက အလွယ်တကူ ချွတ်ယွင်းပျက်စီးနိုင်သည့် အရင်းအမြစ်လည်း ဖြစ်လာနိုင်သည်။ အထူးသဖြင့် ရာသီဥတုပြောင်းလဲမှု၊ လူဦးရေတိုးပွားလာမှု၊ မြို့ပြဖွံ့ဖြိုးတိုးတက်လာမှုနှင့် စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့လာမှုတို့ကြောင့် ရေလိုအပ်ချက်သည် ပိုမိုမြင့်တက်လာနေပြီး ရေအရင်းအမြစ်များအပေါ်တွင် ဖိအားများစွာရှိနေသည်ကို တွေ့ရှိရပါသည်။

ထို့ကြောင့် ရေကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပြည်သူလူထုတို့ ပူးပေါင်းပါဝင်ခြင်းသာမက ကျား/မတန်းတူ ပါဝင်မှုကိုလည်း အဓိကထား ဆောင်ရွက်ရန် လိုအပ်လာသည်။ အသုံးချနိုင်သည့် ရေချို ပမာဏမှာ အလွန်နည်းပါးနေသည့်အတွက် ရေကဏ္ဍစုံကို ဖွံ့ဖြိုးတိုးတက်စေရန် ရေကို စနစ်တကျစီမံခန့်ခွဲရန် မဖြစ်မနေလိုအပ်ပါသည်။ ထိုစီမံခန့်ခွဲမှုအတွင်း လူထုအဆင့်မှ အတွေ့အကြုံများကို ပိုင်ဆိုင်ထားသော အမျိုးသမီးများ၏ အမြင်နှင့် အသံကို မပါဝင်စေပါက ရေကို ထိရောက်စွာ အသုံးချနိုင်မည် မဟုတ်ပါ။

ရေသည် လူသားဘဝ၏ အခြေခံအကျဆုံးသော သဘာဝအရင်းအမြစ်တစ်ရပ်ဖြစ်ပြီး သောက်သုံးရေး၊ စိုက်ပျိုးရေး၊ စက်မှုလုပ်ငန်းများ၊ စွမ်းအင်ထုတ်လုပ်ရေး၊ ကျန်းမာရေးနှင့် သန့်ရှင်းရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး စသည့် လူမှုဘဝကဏ္ဍအားလုံးနှင့် တိုက်ရိုက်ဆက်နွယ်နေပါသည်။ ထို့ပြင် ကမ္ဘာ့ရေအရင်းအမြစ်များ အဆင့်ဆင့်ဖြန့်ကြက်တည်ရှိမှုကို ပုံ(၂)တွင် ပြသထားပါသည်။ ထို့ကြောင့် ရေကဏ္ဍစုံကို ရေရှည်တည်တံ့စွာ ဖွံ့ဖြိုးတိုးတက်လိုပါက နည်းပညာနှင့် မူဝါဒများသာမက ကျား/မတန်းတူ ပါဝင်ရေးကို အဓိကအခြေခံအချက်တစ်ခုအဖြစ် မဖြစ်မနေ ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါသည်။





ပုံ(၁)- ကမ္ဘာပေါ်ရှိ ရေအရင်းအမြစ်များ ဖြန့်ကြက်တည်ရှိမှု (လူသားတို့ တိုက်ရိုက်အသုံးပြုနိုင်သည့် ရေချိုပမာဏမှာ ၁ ရာခိုင်နှုန်းခန့်သာ ရှိကြောင်း ပြသထားသည့် ပုံစံငယ်) Data Source: USGS (2024)

> **❝ ကမ္ဘာမြေပေါ်ရှိ ရေအရင်းအမြစ်များသည် ပမာဏအရ များပြားသော်လည်း လူသားတို့ တိုက်ရိုက်အသုံးပြုနိုင်သည့် ရေချိုပမာဏမှာ အလွန်အကန့်အသတ်ဖြင့် ရှိနေသည်ကို သိပ္ပံဆိုင်ရာ သုတေသနများက ထင်ရှားစွာပြသထားပါသည်။ ထိုသို့ ရေချိုရရှိနိုင်မှုကန့်သတ်နေသော အခြေအနေအတွင်း ၂၁ ရာစု၏ ရာသီဥတုပြောင်းလဲမှု၊ ရေရှားပါးမှုနှင့် ရေဘေးအန္တရာယ်စိန်ခေါ်မှုများကို ရင်ဆိုင်ရန် နည်းပညာနှင့် မူဝါဒများကိုသာ မျှော်မှန်းထားခြင်းဖြင့် မလုံလောက်တော့ဘဲ ကျား / မ တန်းတူပါဝင်နိုင်ရေးကို အဓိကအခြေခံချက်တစ်ရပ်အဖြစ် မဖြစ်မနေ ထည့်သွင်းစဉ်းစားရန် လိုအပ် ❞**

### ၂၁ ရာစုတွင် ကြုံတွေ့နေရသည့် ရေအသုံးချမှုဆိုင်ရာ စိန်ခေါ်မှုများ

၂၁ ရာစုတွင် လူဦးရေတိုးပွားလာခြင်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်မှုများ မြန်ဆန်လာခြင်း၊ စက်မှုလုပ်ငန်းများ တိုးချဲ့လာခြင်းနှင့် ရာသီဥတုပြောင်းလဲမှုတို့ကြောင့် ကမ္ဘာအနှံ့တွင် ရေအရင်းအမြစ်ဆိုင်ရာ စိန်ခေါ်မှုများသည် ပိုမိုပြင်းထန်လာနေပါသည်။ ရေရှားပါးမှု၊ ရေအရည်အသွေးကျဆင်းမှု၊ ရေအလဟဿသုံးစွဲမှုများ၊ ရေသယံဇာတ မညီမျှမှုများနှင့် ရာသီဥတုဖောက်ပြန်မှုတို့ကြောင့် ဖြစ်ပေါ်လာသော ရေဘေးအန္တရာယ်များ (ခြောက်သွေ့မှု၊ ရေကြီးမှု)တို့သည် လူသားတစ်ရပ်လုံးကို ခြိမ်းခြောက်လျက်ရှိပါသည်။

ထိုကဲ့သို့သော အခြေအနေများအောက်တွင် ရေကဏ္ဍကို ရေရှည်တည်တံ့စွာ ဖွံ့ဖြိုးနိုင်ရန်အတွက် နည်းပညာ၊ အရင်းအမြစ်နှင့် မူဝါဒများအပြင် လူသားအရင်းအမြစ်ကို မျှတစွာ အသုံးချနိုင်ရေးသည် အလွန်အရေးပါလာပါသည်။ အထူးသဖြင့် ကျား/မတန်းတူ ပါဝင်ရေး **(Gender Equality)** သည် ရေကဏ္ဍဖွံ့ဖြိုးရေး၏ အဓိက အခြေခံအချက်တစ်ရပ်အဖြစ် ထင်ရှားလာနေပါသည်။ ထို့ကြောင့် **ကမ္ဘာ့ကုလသမဂ္ဂမှ မတ်လ (၂၂) ရက်နေ့ကို “ကမ္ဘာ့ရေနေ့(World Water Day)”** အဖြစ် သတ်မှတ်ခဲ့ကြပြီး လူသားတိုင်း ရေကို စနစ်တကျထိန်းသိမ်းရန် တာဝန်ရှိကြောင်းကို သတိပေးလျက်ရှိပါသည်။




ပုံ(၂)- ကမ္ဘာ့ရေအရင်းအမြစ်များ အဆင့်ဆင့် ဖြန့်ကြက်တည်ရှိမှု(သမုဒ္ဒရာရေ ၉၇ ရာခိုင်နှုန်း၊ ရေခဲလွှာနှင့် ရေခဲတောင်များ ၇၀ ရာခိုင်နှုန်းနှင့် မြေအောက်ရေ ၂၉ ရာခိုင်နှုန်း စသည်ဖြင့် အသေးစိတ် ခွဲခြားပြသထားသည့်ပုံ) Data Source: USGS (2024)

***သဲမောင်***

### ရေကဏ္ဍ၏ အရေးပါမှုနှင့် “ကဏ္ဍစုံ” သဘောတရား

ရေကဏ္ဍဟု ဆိုရာတွင် သောက်သုံးရေ ထောက်ပံ့ရေးတစ်ခုတည်းကို မဆိုလိုပါ။ ရေအရင်းအမြစ် စီမံခန့်ခွဲမှု၊ စိုက်ပျိုးရေးအတွက် ရေသုံးစွဲမှု၊ လျှပ်စစ်စွမ်းအင်ထုတ်လုပ်ရေး၊ စက်မှုလုပ်ငန်းများတွင် ရေသုံးစွဲမှု၊ ရေဆိုးစနစ်နှင့် သန့်ရှင်းရေး(WASH)၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင်စနစ်များ အားလုံးပါဝင်ပါသည်။ ထိုကဏ္ဍများသည် တစ်ခုနှင့်တစ်ခု အပြန်အလှန်အကျိုးသက်ရောက်မှုရှိပြီး ကဏ္ဍတစ်ခု၏ အားနည်းမှုသည် အခြားကဏ္ဍများကိုပါ ထိခိုက်စေနိုင်ပါသည်။

ဥပမာအားဖြင့် စိုက်ပျိုးရေးအတွက် ရေလွန်ကဲစွာ သုံးစွဲမှုသည် မြစ်ချောင်းများ၏ သဘာဝရေစီးဆင်းမှုကို ထိခိုက်စေပြီး ငါးမွေးမြူရေးနှင့် ရေအရည်အသွေးကိုလည်း ထိခိုက်စေနိုင်သည်။ ထို့ကြောင့် ရေကဏ္ဍစုံ ဖွံ့ဖြိုးရေးသည် အစိုးရဌာနများ၊ ပညာရှင်များ၊ ပုဂ္ဂလိကလုပ်ငန်းများနှင့် လူထုအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်နိုင်ပါသည်။ ထိုပူးပေါင်းဆောင်ရွက်မှုအတွင်း ကျား/မတန်းတူ ပါဝင်ရေးကို လျစ်လျူရှုထားပါက ရေစီမံခန့်ခွဲမှုသည် အပြည့်အဝ ထိရောက်နိုင်မည်မဟုတ်ပါ။

### ကျား/မတန်းတူပါဝင်ရေး၏အယူအဆနှင့် ရေကဏ္ဍတွင်အရေးပါမှု

ကျား/မ တန်းတူပါဝင်ရေးဆိုသည်မှာ အမျိုးသားနှင့် အမျိုးသမီးတို့အား အခွင့်အရေး၊ အာဏာနှင့် တာဝန်များကို မျှတစွာ ပေးအပ်ခြင်းကို ဆိုလိုပါသည်။ ယင်းအယူအဆသည် လူ့အခွင့်အရေး၏ အခြေခံယူဆချက်တစ်ရပ်ဖြစ်ပြီး လူမှုရေး၊ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် အရေးပါသော အခန်းကဏ္ဍကို လုပ်ဆောင်ပါသည်။ ရေကဏ္ဍတွင် ကျား/မတန်းတူ ပါဝင်ရေးကို အကောင်အထည်ဖော်ခြင်းသည် လူမှုရေးအရ တရားမျှတမှုကိုသာမက ရေစီမံခန့်ခွဲမှု၏ ထိရောက်မှုကိုပါ တိုးတက်စေနိုင်ပါသည်။ အမျိုးသားနှင့် အမျိုးသမီးတို့၏ အတွေ့အကြုံ၊ လိုအပ်ချက်နှင့် အမြင်များသည် ကွဲပြားမှုရှိသောကြောင့် နှစ်ဖက်စလုံး ပါဝင်မှသာ ပြီးပြည့်စုံသော ဆုံးဖြတ်ချက်များကို ချမှတ်နိုင်ပါမည်။

### ရေနှင့်အမျိုးသမီးများ၏ နီးကပ်သောဆက်နွယ်မှု

အခြေခံလူမှုအသိုင်းအဝိုင်းအဆင့်တွင် ရေနှင့် အနီးစပ်ဆုံး ဆက်နွယ်နေသူများမှာ အမျိုးသမီးများ ဖြစ်ကြပါသည်။ ကျေးလက်ဒေသများတွင် အိမ်သုံးရေကို ရှာဖွေရန်၊ သယ်ဆောင်ရန်နှင့် စီမံခန့်ခွဲရန်တို့ကို အမျိုးသမီးများက အဓိကတာဝန်ယူလေ့ရှိပါသည်။ ထို့ပြင် မိသားစုကျန်းမာရေး၊ အိမ်သန့်ရှင်းရေးနှင့် ကလေးများ၏ သန့်ရှင်းကျန်းမာရေးကိုလည်း အမျိုးသမီးများက အဓိက စောင့်ရှောက်ပေးလေ့ရှိပါသည်။ ထို့ကြောင့် သန့်ရှင်းသောရေရရှိမှု မလုံလောက်ခြင်းနှင့် ရေဆိုးစနစ် မကောင်းမွန်ခြင်းတို့၏ ပထမဆုံးသော ထိခိုက်ခံရသူများမှာလည်း အမျိုးသမီးများနှင့် ကလေးသူငယ်များပင်ဖြစ်ပါသည်။

သို့သော် လက်တွေ့တွင် အမျိုးသမီးများသည် ရေစီမံခန့်ခွဲမှုနှင့် အနီးကပ်ဆုံးဆက်နွယ်နေသူများ ဖြစ်ကြသော်လည်း ရေအရင်းအမြစ် စီမံခန့်ခွဲရေးနှင့် မူဝါဒချမှတ်ရေးကဲ့သို့သော ဆုံးဖြတ်ချက်ချမှုအဆင့်များတွင် ပါဝင်နိုင်ခြင်းမှာ နည်းပါးနေဆဲဖြစ်ပါသည်။ ထိုကဲ့သို့သော ပါဝင်မှု မလုံလောက်ခြင်းသည် ဒေသခံလိုအပ်ချက်နှင့်ကိုက်ညီသော ရေစနစ်များကိုဖန်တီးရာတွင် အခက်အခဲများဖြစ်စေပြီး *စာမျက်နှာ ၁၃ သို့*

*စာမျက်နှာ ၁၂ မှ*

ရေကဏ္ဍဖွံ့ဖြိုးရေး၏ ထိရောက်မှုနှင့် ရေရှည်တည်တံ့မှုကိုလည်း လျော့နည်းစေသည့် အရေးကြီးသော အားနည်းချက်တစ်ရပ်ဖြစ်ပါသည်။

**ရေကဏ္ဍတွင် ကျား / မ မညီမျှမှု၏ အကျိုးဆက်များ**

ရေကဏ္ဍတွင် ကျား / မ မညီမျှမှုများ ရှိနေပါက စီမံကိန်းများ၏ ထိရောက်မှုလျော့နည်းခြင်း၊ အမျိုးသမီးများ၏ အချိန်နှင့် အခွင့်အလမ်းဆုံးရှုံးခြင်း၊ ကျန်းမာရေးနှင့် ပညာရေးထိခိုက်မှုများကဲ့သို့သော လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အကျိုးဆက်များ များစွာ ဖြစ်ပေါ်လာနိုင်ပါသည်။

(၁) စီမံကိန်းများ ထိရောက်မှုနည်းခြင်း ရေစီမံကိန်းများကို အမျိုးသားများသာ ဆုံးဖြတ်ပါက အမျိုးသမီးများ၏ လက်တွေ့လိုအပ်ချက်များ (ဥပမာ- ရေသုံးစွဲမှုနေရာ၊ အချိန်၊ ပမာဏ၊ သန့်ရှင်းရေးဆိုင်ရာ လိုအပ်ချက်များ) ကို ထည့်သွင်းမစဉ်းစားနိုင်ခြင်းကြောင့် စီမံကိန်းများသည် အသုံးဝင်မှု နည်းပါးလာနိုင်ပါသည်။

(၂) အမျိုးသမီးများ၏အချိန်နှင့် အခွင့်အလမ်းဆုံးရှုံးခြင်း **UNICEF နှင့် WHO (၂၀၂၃)** အစီရင်ခံစာများအရ ရေရှာဖွေရန် အချိန်အလွန်ပေးနေရခြင်းသည် အမျိုးသမီးများ၏ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းကို ဆုံးရှုံးစေပါသည်။ ထို့အပြင် ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း လက်ဆေးခြင်းကဲ့သို့သော WASH အလေ့အထများ၏ အရေးပါမှု ပိုမိုမြင့်တက်လာခဲ့သော်လည်း လူထု၏ စီးပွားရေးအခက်အခဲများကြောင့် သန့်ရှင်းသောရေ ဝယ်ယူနိုင်စွမ်း ကျဆင်းခြင်းနှင့် စုပေါင်းရေရရှိရေးလုပ်ငန်းများ ရပ်ဆိုင်းသွားခြင်းတို့ကြောင့် အမျိုးသမီးများသည် မိသားစုအတွက် ရေမလုံလောက်သည့်ဒဏ်ကို ခံစားခဲ့ကြရသည်။ ၂၀၂၃ ခုနှစ် **JMP** အစီရင်ခံစာအရ ကမ္ဘာ့လူဦးရေ၏ ၂၆ ရာခိုင်နှုန်းသည် အိမ်တွင်း သန့်ရှင်းသောရေ မရရှိသေးဘဲ ရေရှားပါးမှုနှင့် ရာသီဥတုပြောင်းလဲမှုသည် ရေဆိုင်ရာ ကျား/မကွာဟချက်ကို ပိုမိုချဲ့ထွင်စေနိုင်သည်ဟု **UN-Water** က သတိပေးထားပါသည်။

(၃) ကျန်းမာရေးနှင့် ပညာရေး ထိခိုက်ခြင်း သန့်ရှင်းသော ရေရရှိမှု မလုံလောက်သော ဒေသများတွင် ရေကြောင့် ဖြစ်ပေါ်သော ရောဂါများကြောင့် ကလေးငယ်များ၏ ကျန်းမာရေးနှင့် ပညာရေးထိခိုက်မှုများ မြင့်မားနေဆဲဖြစ်ပါသည်။ အမျိုးသမီးများသည်လည်း မိသားစုအတွက် ကျန်းမာရေးစောင့်ရှောက်သူများဖြစ်သောကြောင့် ထိုရောဂါများ၏ ဝန်ထုပ်ဝန်ပိုးကို ပိုမိုခံစားရပါသည်။ ထို့ကြောင့် ရေကဏ္ဍတွင် ကျား/မ မညီမျှမှုများ ဆက်လက်တည်ရှိနေပါက လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ ဆိုးကျိုးများကို ပိုမိုဖြစ်ပေါ်စေမည်ဖြစ်ပါသည်။

**ကျား/မတန်းတူပါဝင်မှု၏အကျိုးကျေးဇူးများ**

ရေကဏ္ဍတွင် ကျား/မ တန်းတူ ပါဝင်ရေးကို အကောင်အထည်ဖော်ခြင်းသည် ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေး (Sustainable Development) အတွက် အလွန်အရေးပါပါသည်။

(၁) ထိရောက်မှုတိုးတက်ခြင်း လူထုအဆင့်တွင် အမျိုးသမီးများ ပါဝင်လာပါက ရေစုဆောင်းသောစနစ်များကို ပိုမိုကောင်းမွန်စွာ ထိန်းသိမ်းနိုင်ပြီး ရေသုံးစွဲမှုကိုလည်း ထိရောက်စွာ စီမံနိုင်ပါသည်။

(၂) လူထုယုံကြည်မှု တည်ဆောက်နိုင်ခြင်း ကျား/မတန်းတူ ပါဝင်ရေးသည် လူမှုရေးတည်ငြိမ်မှုနှင့် လူထုယုံကြည်မှုကိုလည်း တိုးတက်စေပါသည်။ ထိုယုံကြည်မှုသည် ရေကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို ရေရှည်အောင်မြင်စေသော အခြေခံအချက်တစ်ရပ် ဖြစ်လာနိုင်ပါသည်။

**ရေကဏ္ဍတွင်“အမည်ခံပါဝင်မှု”ပြဿနာ**

အချို့သော ရေကဏ္ဍစီမံကိန်းများတွင် အမျိုးသမီးများ ပါဝင်သည်ဟု ဖော်ပြထားကြသော်လည်း လက်တွေ့တွင် ဆုံးဖြတ်ချက်ချသော အဆင့်များတွင် ပါဝင်ခွင့်မပေးဘဲ အမည်သဘောအရသာပါဝင်ထားခြင်းများကို တွေ့ရှိရပါသည်။ ဥပမာအားဖြင့် ကျေးရွာရေကော်မတီတစ်ခုတွင် အမျိုးသမီးအဖွဲ့ဝင်များ ပါဝင်နေသော်လည်း စက်ရေတွင်းတည်နေရာ ရွေးချယ်ခြင်း၊ အိမ်သာစနစ်ဒီဇိုင်းပြုလုပ်ခြင်း၊ ငွေကြေးအသုံးချမှုဆုံးဖြတ်ခြင်း စသည့် အလွန်အရေးကြီးသော အစည်းအဝေးများတွင် အမျိုးသမီးများ၏ သဘောထားကို မယူဘဲ အမျိုးသားများသာ ဆုံးဖြတ်သည့်အခြေအနေများ ရှိနေပါသည်။ ထိုကဲ့သို့သော ပါဝင်မှုမျိုးသည် ကျား/မတန်းတူပါဝင်ရေး၏ အဓိပ္ပာယ်ကို မပြည့်စုံစေသကဲ့သို့ ရေစီမံခန့်ခွဲမှု၏ အရည်အသွေးကိုလည်း မတိုးတက်စေနိုင်ပါ။ ထို့ကြောင့် ကျား/မတန်းတူ ပါဝင်ရေးသည် အရေအတွက်တစ်ခုအဖြစ်သာ မသတ်မှတ်ဘဲ အာဏာနှင့် ဆုံးဖြတ်ချက်ချနိုင်စွမ်းအထိ ပါဝင်လာနိုင်စေရန်မှာ အရေးကြီးပါသည်။

> **❝ လက်ရှိမြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် စီးပွားရေး အပြောင်းအလဲများကြောင့် WASH ဝန်ဆောင်မှုများ ကျဆင်းလာနိုင်ခြေရှိသည့်အခြေအနေတွင် အမျိုးသမီးများ၏ ဆုံးဖြတ်ပိုင်ခွင့်ကို ဥပဒေလမ်းကြောင်းအရ ပိုမိုခိုင်မာအောင် ဆောင်ရွက်ခြင်းသည် ရေရှည်တည်တံ့သော ရေစီမံခန့်ခွဲမှုစနစ်များ တည်ဆောက်နိုင်ရေးအတွက် အရေးပါသော သော့ချက်တစ်ရပ်ပင်ဖြစ်ပါသည်။ Dry Zone ၏ ရေရှားပါးမှု၊ မြစ်ဝကျွန်းပေါ်၏ ရေဘေးနှင့် တောင်ပေါ်ဒေသ၏ ရေရရှိရန်ခက်ခဲမှု စသည့် ဒေသအလိုက် ကွဲပြားသော စိန်ခေါ်မှုများကို အမျိုးသမီးများ၏ အသံနှင့် အတွေ့အကြုံများမှတစ်ဆင့် ဖြေရှင်းနိုင်မှသာလျှင် ပိုမိုထိရောက်သော ရေကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်မည် ❞**

**နိုင်ငံတကာအတွေ့အကြုံ-ဘင်္ဂလားဒေ့ရှ်မှ သင်ခန်းစာ**

နိုင်ငံတကာအတွေ့အကြုံများအရ ရေကဏ္ဍတွင် အမျိုးသမီးများကို ဆုံးဖြတ်ချက်ချမှုအဆင့်အထိ ပါဝင်စေသော စီမံကိန်းများသည် ရေရှည်အောင်မြင်မှုများရရှိကြောင်းကို တွေ့ရှိရပါသည်။ ဥပမာအားဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် **Gender Equality and Social Inclusion (GESI)** ကို ထည့်သွင်းထားသော **WASH စီမံကိန်းများ (ဥပမာ SHOMOTA Project)** သည် အမျိုးသမီးများ၏ **“အဓိပ္ပာယ်ပြည့်ဝသော ပါဝင်မှု” (meaningful participation)** ကို တိုးတက်စေပြီး ရေစနစ်ထိန်းသိမ်းမှုနှင့် လူထု၏စိတ်ကျေနပ်မှုအပေါ် အပြုသဘော သက်ရောက်မှုရှိကြောင်းကို ဖော်ပြထားပါသည်။ ထို့အပြင် ကျေးလက်ဒေသ ရေသုံးစနစ်စီမံကိန်းတစ်ခုတွင် ရေစီမံခန့်ခွဲရေးကော်မတီအဖွဲ့ဝင်များအနက် ၄၀ ရာခိုင်နှုန်းကို အမျိုးသမီးများဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ထိုစီမံကိန်း၏ ထိန်းသိမ်းနိုင်စွမ်းနှင့် အသုံးချမှုအဆင့်တို့သည် ယခင်အမျိုးသားအခြေခံစီမံကိန်းများထက် သိသာစွာ တိုးတက်လာခဲ့သည်ကို တွေ့မြင်ရပါသည်။

**မြန်မာနိုင်ငံအခြေအနေနှင့် Dry Zone(မကွေးဒေသ)တွင် ရေပြဿနာ**

မြန်မာနိုင်ငံတွင် ရေအရင်းအမြစ် များစွာရှိသော်လည်း ဒေသအလိုက် မညီမျှမှုများ ရှိနေပါသည်။ အထူးသဖြင့် မကွေးတိုင်းဒေသကြီး အပါအဝင် Dry Zone ဒေသများတွင် မိုးရေချိန်နည်းပါးခြင်းနှင့် မကြာခဏခြောက်သွေ့မှုများကြောင့် ရေရှားပါးမှုပြဿနာသည် ရေရှည်ဖြစ်ပေါ်လျက်ရှိပါသည်။ **UNDP** မှလည်း မြန်မာ Dry Zone ဒေသများအတွင်း ရေအရင်းအမြစ်ရရှိမှု တိုးတက်စေရန် ရေကန်များ ပြုလုပ်ခြင်း၊ ရေတွင်းများ တည်ဆောက်ခြင်းနှင့် လူထုအခြေပြုစီမံခန့်ခွဲမှုများကို ဆောင်ရွက်နေကြောင်း ဖော်ပြထားပါသည်။ Dry Zone ကျေးရွာအများစုတွင် အိမ်သုံးရေရရှိရန် ရေကန်၊ ရေတွင်း၊ လက်တွန်းပန့် သို့မဟုတ် အဝေးမှ ရေကိုသယ်ယူရသော အခြေအနေများကြောင့် အမျိုးသမီးများနှင့် ကလေးသူငယ်များသည် နေ့စဉ်ရေရှာဖွေရန်အတွက် အချိန်နှင့် ခန္ဓာကိုယ်အင်အားများကို များစွာ အသုံးချနေရပါသည်။

ထို့အပြင် **WASH (Water, Sanitation and Hygiene)** လက်လှမ်းမီမှုနည်းပါးသော ကျေးရွာများတွင် သန့်ရှင်းရေးစနစ် ကောင်းမွန်ခြင်းမရှိသောကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အူလမ်းကြောင်းဆိုင်ရာရောဂါများကဲ့သို့ ရေမှတစ်ဆင့် ဖြစ်ပွားသော ရောဂါများကို ဖြစ်ပွားစေနိုင်ပါသည်။ ထို့ကြောင့် Dry Zone ရေစီမံကိန်းများတွင် ရေကန်တည်နေရာရွေးချယ်မှု၊ ရေတွင်းတူးဖော်မှု၊ ရေသိုလှောင်မှုစနစ်ဒီဇိုင်းနှင့် သန့်ရှင်းသောအိမ်သာစနစ် စီမံကိန်းများကို ဆောင်ရွက်ရာတွင် အမျိုးသမီးများ၏ လက်တွေ့အတွေ့အကြုံနှင့် ဆုံးဖြတ်ချက်ချမှုကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါသည်။ သို့မှသာ ဒေသနှင့်ကိုက်ညီသော ရေစနစ်များကို ဖန်တီးနိုင်ပြီး စီမံကိန်းများ၏ ရေရှည်တည်တံ့မှုကိုပါ မြှင့်တင်နိုင်မည်ဖြစ်ပါသည်။

ဥပမာအားဖြင့် Dry Zone ကျေးရွာ ရေစီမံကိန်းများတွင် **“အမျိုးသမီးရေကော်မတီ ခေါင်းဆောင်မှုသင်တန်း (Women Leadership Training for Village Water Committees)”** ကို စနစ်တကျပို့ချပေးပြီး အမျိုးသမီးများကို ငွေကြေးစီမံခန့်ခွဲမှု၊ ပြုပြင်ထိန်းသိမ်းမှုနှင့် ဆုံးဖြတ်ချက်ချမှုအဆင့်အထိ ပါဝင်နိုင်စေရန် အစီအစဉ်များ ချမှတ်သင့်ပါသည်။ မြန်မာနိုင်ငံ၏ ရေလိုအပ်မှုမှာ ဒေသအလိုက် အလွန်ကွဲပြားပါသည်။ **မြစ်ဝကျွန်းပေါ်ဒေသများ**တွင် ရေရှားပါးမှုထက် ရေကြီးရေလျှံမှု၊ ရေငန်ဝင်ရောက်မှုနှင့် ရေညစ်ညမ်းမှုတို့ကြောင့် အမျိုးသမီးများနှင့် ကလေးသူငယ်များအတွက် ကျန်းမာရေးနှင့် လုံခြုံရေး စိန်ခေါ်မှုများ ပိုမိုကြီးမားလာခဲ့ပါသည်။

**တောင်ပေါ်နှင့် နယ်စပ်ဒေသများ**တွင်မူ ရေအရင်းအမြစ်သို့ ရောက်ရှိရန် တောင်တက်တောင်ဆင်း ခရီးလမ်းကြမ်းများကြောင့် ရေသယ်ရန် အချိန်ပိုကြာခြင်းနှင့် အမျိုးသမီးများ၏ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုများကို ပိုမိုရင်ဆိုင်ရသည်။ ထို့ကြောင့် တစ်နိုင်ငံလုံးအတွက် တစ်ပုံစံတည်းသော မူဝါဒထက် **ဒေသအလိုက် ကျား/မဆိုင်ရာ လိုအပ်ချက်များကို ချိန်ညှိထားသော ချဉ်းကပ်နည်း (Locally Adapted Gender-Sensitive Approach)** သာလျှင် အလုပ်ဖြစ်နိုင်မည် ဖြစ်ပါသည်။

**“ရေအသက်တစ်မနက်”-သဘောတရားနှင့် လူသားဘဝနှင့် ဆက်စပ်မှု**

“ရေအသက်တစ်မနက်” ဟူသော စကားလုံးသည် ရေ၏ အရေးပါမှုကို နက်ရှိုင်းစွာ ဖော်ပြထားသောကြောင့် အဓိပ္ပာယ်ပြည့်စုံသည့် အယူအဆတစ်ရပ်ပင် ဖြစ်ပါသည်။ လူသားများ၏ အသက်ရှင်ရပ်တည်မှုအစမှ သေဆုံးသည်အထိ ရေမရှိဘဲ မည်သည့်လုပ်ငန်းမျိုးကိုမျှ ဆောင်ရွက်နိုင်ခြင်း မရှိပါ။ ထို့ကြောင့် လူ့ယဉ်ကျေးမှု၊ လူ့ဘောင်အဖွဲ့အစည်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့၏ အခြေခံအုတ်မြစ်မှာလည်း ရေဖြစ်ပါသည်။

**SDGs Goal 5 နှင့် Goal 6 ၏ ဆက်နွှယ်မှု**

**SDG Goal 5 (Gender Equality)** သည် အမျိုးသမီးများ၏ အခွင့်အရေးနှင့် ပါဝင်မှုကို အလေးထားခြင်းဖြစ်ပြီး ရေအသက်တစ်မနက်ကို လက်တွေ့ကျကျ ကာကွယ်ထိန်းသိမ်းနိုင်ရန် လိုအပ်သော လူသားအင်အားကို အပြည့်အဝအသုံးချရန် ရည်ရွယ်ပါသည်။ **SDG Goal 6 (Clean Water and Sanitation)** သည် လူသားအသက်ကို ထိန်းသိမ်းရန်အတွက် မဖြစ်မနေလိုအပ်သော သန့်ရှင်းသော ရေနှင့် သန့်ရှင်းရေးကို အခြေခံထားပြီး “ရေအသက်တစ်မနက်” ဟူသော အယူအဆ၏ ကမ္ဘာလုံးဆိုင်ရာ အကောင်အထည်ဖော်မှုဖြစ်သည်ဟု ဆိုနိုင်ပါသည်။ Goal 5 နှင့် Goal 6 သည် အပြန်အလှန်မခွဲခြားနိုင်သော ဆက်နွှယ်မှုရှိပါသည်။ အမျိုးသမီးများ ပါဝင်ဆောင်ရွက်မှုမရှိပါက သန့်ရှင်းသော ရေရရှိမှုသည် ရေရှည်တည်တံ့နိုင်မည် မဟုတ်ပါ။ ထို့ပြင် သန့်ရှင်းသော ရေရရှိမှုမရှိပါက အမျိုးသမီးများ၏ ကျန်းမာရေး၊ ပညာရေးနှင့် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများကိုလည်း အပြည့်အဝကာကွယ်နိုင်မည် မဟုတ်ပါ။

**မူဝါဒနှင့် အဖွဲ့အစည်းဆိုင်ရာ အရေးယူဆောင်ရွက်မှုများ**

ရေကဏ္ဍတွင် ကျား/မတန်းတူ ပါဝင်ရေးကို လက်တွေ့အကောင်အထည်ဖော်ရန် အောက်ဖော်ပြပါအဆင့်များကို လိုအပ်ပါသည် -

(၁) မူဝါဒအဆင့် ပြုပြင်ပြောင်းလဲခြင်းအစိုးရမူဝါဒများတွင် ကျား/မရေးရာအမြင် **(Gender Perspective)**ကို ထည့်သွင်းစဉ်းစားရန်၊ ကျေးရွာ သောက်သုံးရေနှင့် သန့်ရှင်းရေးကော်မတီများတွင် အမျိုးသမီးပါဝင်မှု အနည်းဆုံး ၅၀ ရာခိုင်နှုန်းရှိစေရေး ညွှန်ကြားချက်များ ထုတ်ပြန်ရန်၊ ရေစီမံခန့်ခွဲရေးအဖွဲ့အစည်းများတွင် အမျိုးသမီးကိုယ်စားပြုမှုကို ဥပဒေအရ ပြဋ္ဌာန်းသတ်မှတ်ရန် (၃၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ)၊ ယခုလက်ရှိမြန်မာနိုင်ငံတွင် လူမှုစီးပွားရေးအခြေအနေများကြောင့် ကျေးလက်ဒေသနှင့် ရေရှားပါးမှုဒဏ်ခံရသော ဒေသများတွင် WASH ဝန်ဆောင်မှုများ ကျဆင်းလာနိုင်ခြေရှိနေပါသည်။ ထို့ကြောင့် CSO များ၏ လေ့လာတွေ့ရှိချက်များနှင့် UNDP၊ FAO စသည့် အဖွဲ့အစည်းများ၏ အစီရင်ခံစာများပေါ် အခြေခံ၍ **ရေရှည်တည်တံ့သော ရေစီမံခန့်ခွဲမှုစနစ်များ** တည်ဆောက်ရာတွင် အမျိုးသမီးများ၏ ဆုံးဖြတ်ပိုင်ခွင့်ကို ဥပဒေလမ်းကြောင်းအရ ပိုမိုခိုင်မာအောင် ဆောင်ရွက်သင့်ပါသည်။

(၂) သင်တန်းနှင့် စွမ်းရည်မြှင့်တင်ရေးနည်းပညာဆိုင်ရာ ပညာပေးမှုများကို ကျား/မ မရွေး အညီအမျှပေးအပ်ရန်၊ ရေအရင်းအမြစ်စီမံခန့်ခွဲရေးသင်တန်းများတွင် အမျိုးသမီးလေ့လာသူ ၄၀ ရာခိုင်နှုန်းပါဝင်ရေး ဦးတည်ချက်ချမှတ်ရန်၊ အမျိုးသမီးများအား ရေနည်းပညာ၊ စီမံခန့်ခွဲမှုနှင့် ခေါင်းဆောင်မှုဆိုင်ရာ သင်တန်းများ စနစ်တကျပို့ချပေးရန်။

(၃) လူမှုရေးအသိပညာပေးခြင်း လူမှုရေးအယူအဆများကြောင့် ဖြစ်ပေါ်နေသော ကျား/မ ကန့်သတ်ချက်များကို ပညာပေးမှုမှတစ်ဆင့် ပြောင်းလဲပေးရန်။ *စာမျက်နှာ ၁၄ သို့*

# အညာမြေက ရွှေချိုးဖြူ

❖ တို့ငယ်စဉ်က
မြင်ကွင်းပုံရိပ်၊ နှောင်းအတိတ်များ
လွမ်းရိပ်ဖွဲ့ဆင်၊ စိတ်အစဉ်ဝယ်
မြင်ယောင်ထင်မိ၊ လွမ်းပါဘိတော့ ..
ဇာတိရပ်ရွာ၊ တို့အညာဝယ်
ယာတောကပြန်၊ နွားငေါက်သံနှင့်
ခြံရံခွေးအုပ်၊ လှည်းလှုပ်လှုပ်နှင့်
ဘုတ်ငှက်စီစီ၊ နေရီရီတွင်
ချိုကြည်သံနှော၊ ရွှေဥဩနှင့်
ထန်းတောညို့မှိုင်း၊ မြူခြေဆိုင်းလျက်
ရှုတိုင်းသာမော၊ ရွာတကြောဝယ်
လှသောမြေဆီ၊ လွမ်းစိတ်ရည် ..။
အညာပန်းချီ စာမမီ ..။
အညာတရိုး၊ ယာခရိုး၌
ရွှေချိုးကူသံ သာခဲ့သည်..။

❖ အညာသူ အညာသား၊ ဆွေမျိုးများတို့
ရိုးသားပွင့်လင်း၊ စိတ်အရင်းဖြင့်
ရိုင်းပင်းကူညီ၊ တတ်ကြသည်တည့်
စည်ကားလှစွာ၊ တို့အညာဝယ်
သာရေး နာရေး၊ လူမှုရေးနှင့်
လှူရေး တန်းရေး၊ ကုသိုလ်ရေးပြင်
ရွာရေးရပ်တာ၊ ရှိသည့်ခါလည်း
ညီညာပေါင်းစု၊ ရွာ့လူထုတို့
လုပ်မှုဆောင်တာ၊ ဝိုင်းဝန်းကာလျှင်
အညာဓလေ့ ပျော်ရွှင်မွေ့၏..။

❖ ယခုကာလ၊ တို့ဒေသဝယ်
အောချအုံ့လောက်၊ စစ်မီးတောက်ခဲ့
မြှောက်ပင့်သွေးထိုး၊ အရောင်ဆိုးသည့်
အမျိုးယုတ်စွ၊ လူ့ဗာလနှင့်
ထကြွမင်းမူ၊ သောင်းကျန်းသူတို့
ပြည်သူ နှင့် တပ်၊ သွေးခွဲလတ်သော်
ထင်မှတ်ဝေဝါး၊ နားယောင်မှားကြ
တစ်ရွာ့တစ်ရွာ၊ စည်းရိုးကာလျက်
ရွာနှင့်ရွာချင်း၊ သင်းပင်းဖွဲ့ပြိုင်
လက်နက်ကိုင်ကာ၊ ကြီးနိုင်ငယ်ညှဉ်း
သတ်ဖြတ်ခြင်းဖြင့်၊ သွေးခင်းသည့်မြေ
ဖြစ်ရလေခဲ့ ..။

❖ ယခင်ကာလ၊ လှပငြိမ်းချမ်း၊
ပန်းတို့ပွင့်ဝေ၊ အညာမြေထက်
လက်နက်ဖုံးဆန်၊ သေနတ်သံတို့
ဆူညံပေါက်ကွဲ၊ သွေးရဲရဲနှင့်
လူးလဲ ပြေးလွှား၊ မီးတောက်ကြားဝယ်
စီးပွားလည်းပျက်၊ ရွာလည်းပျက်၍
အသက်လုကာ၊ ပြေးရှာသည်
ရင်မှာကွဲကြေ၊ ဒုက္ခပွေ ..
တစ်ခေတ်သမိုင်း ရိုင်းခဲ့ပေ ..။

❖ ဩော် ..
ဇာတိချက်ကြွေ၊ အညာမြေငဲ့
မသွေမယွင်း၊ ငြိမ်းချမ်းခြင်းနှင့်
ချစ်ခြင်းတရား၊ လက်ကိုင်ထားလျက်
အမှားကိုရှောင်၊ အမှောင်ကိုကွင်း
အလင်းလမ်းဆီ၊ လှမ်းတက်ချီကာ
ပြည်သူလူထု၊ ညီညွတ်မှုဖြင့်
ယခုအမြန်၊ စစ်မီးလျှံတို့
အမှန်ငြိမ်းသတ်၊ အမြစ်ဖြတ်၍
တို့ရပ်ဌာနေ၊ အညာမြေတွင်
ယခင်ခါမျိုး၊ ယာခရိုး၌
ရွှေချိုးကူသံ သာစေကြောင်း ..
ငြိမ်းချမ်းရေးအတွက် ဆုမွန်တောင်း ..။
အမှောင်ခွင်း၍ လင်းစေကြောင်း ...။

**မိုးချမ်းမြေ**

## (၁၁) ကြိမ်မြောက် ထိုင်းတက္ကသိုလ်ပေါင်းစုံ ပညာရေးပြပွဲ ရန်ကုန်မြို့၌ ကျင်းပမည်

ရန်ကုန် မတ် ၂၀

ထိုင်းတက္ကသိုလ်ဘွဲ့ရ မြန်မာကျောင်းသားများအသင်း AMAUT (Association of Myanmar Alumni from Universities in Thailand) က ကြီးမှူးကျင်းပသည့် (၁၁)ကြိမ်မြောက် ထိုင်းတက္ကသိုလ်ပေါင်းစုံ ပညာရေးပြပွဲ 11th Thailand Eduaction Fair (Myanmar) ကို ဧပြီ ၄ ရက်(စနေနေ့) နံနက် ၉ နာရီမှညနေ ၄ နာရီအထိ ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ် Grand Ballroom တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းပညာရေးပြပွဲတွင် ထိုင်းနိုင်ငံမှ နိုင်ငံတကာအဆင့်မီ နာမည်ကျော် တက္ကသိုလ် ၂၂ ခုမှ ပါဝင်ပြသမည်ဖြစ်ပြီး မြန်မာကျောင်းသား ကျောင်းသူများ အနေဖြင့် တက္ကသိုလ်၊ ကောလိပ်များ၊ ပညာရေးအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များထံမှ သတင်းအချက်အလက်များကို တစ်ပြိုင်နက်တည်း ရယူနိုင်မည်ဖြစ်သည်။

အဆိုပါ ထိုင်းတက္ကသိုလ်ပေါင်းစုံ ပညာရေးပြပွဲတွင် ထိုင်းနိုင်ငံရှိ Silpakorn University International College (SUIC)၊ BBA International Program (Thamma–sat Business School ၊ Thammasat University) ၊ North–Chiang Mai University ၊ Southeast Bangkok University ၊ National Institute of Development Administration ၊ Dusit Thani College ၊ Kasem Bundit University၊ University of Thai Chamber of Commerce(UTCC) ၊ Assumption University ၊ London University of Bangkok ၊ Bridge International Bangkok ၊ Asia Institute of Technology (AIT) ၊ PAYAP University ၊ Thai Global Business College (TGBC) ၊ Mahidol University International College (MUIC) ၊ Prince of Songkla University (PSU) ၊ Faculty of Medicine – Prince of Songkla University (PSU), Phuket Campus ၊ MUT INTERNATIONAL COLLEGE , King Mongkut's University of Technology North Bangkok (KMUTNB)၊ Chulalongkorn University ၊ Krirk University စသည့် တက္ကသိုလ်များမှ တိုက်ရိုက်ဆွေးနွေးမှုများ ပြုလုပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

ယင်းပညာရေးပြပွဲတွင် အပြည့်အဝ ပညာသင်ဆုများအပြင် တစ်စိတ်တစ်ပိုင်း ထောက်ပံ့ကြေးများကိုပါ တစ်နေရာတည်းတွင် မေးမြန်းစုံစမ်းနိုင်မည်ဖြစ်ပြီး တက္ကသိုလ် Admission Officers များ ၊ Professor များနှင့် တိုက်ရိုက်မျက်နှာချင်းဆိုင်တွေ့ဆုံကာ ဘာသာရပ်ရွေးချယ်မှု၊ ကျောင်းဝင်ခွင့်လိုအပ်ချက်များကို မေးမြန်းနိုင်ခြင်း၊ Business ၊ Engineering ၊ Medical Sciences ၊ IT၊ Hospitality နှင့် အခြားသောခေတ်မီဘာသာရပ်ပေါင်းစုံကို စိတ်ကြိုက်ရွေးချယ်နိုင်ခြင်း၊ကျောင်းလခ၊ နယ်မြေအခြေအနေ၊ အင်္ဂလိပ်စာလိုအပ်ချက်နှင့် ဘွဲ့ရပြီးနောက် အလုပ်အကိုင်အခွင့်အလမ်းများကို အသေးစိတ် သိရှိနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ ကွန်ရက်များချိတ်ဆက်နိုင်မည့်ပညာရေးပြပွဲသို့ မည်သူမဆို အခမဲ့လာရောက်လေ့လာနိုင်မည်ဖြစ်ပြီး ယင်းပညာရေးပြပွဲနေ့၏ မွန်းလွဲပိုင်း Panel Discussion တွင်လည်း ထိုင်းတက္ကသိုလ်မှ ဘွဲ့ရထားသည့် ကျောင်းသားဟောင်းများထံမှ တန်ဖိုးရှိသည့် အတွေ့အကြုံများအား မျှဝေသွားမည်ဖြစ်ကြောင်း သိရကာ https://forms.gle/ GUdGm8v JV1rd EAma7 သို့ အခမဲ့စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**မျိုးမင်းသူရ**

*စာမျက်နှာ ၁၃ မှ*

(၄) သုတေသနနှင့် ပညာရေးတက္ကသိုလ်များရှိ ရေအရင်းအမြစ် စီမံခန့်ခွဲမှု ဘာသာရပ်များတွင် ကျား/မရေးရာ သဘောတရားများကို ထည့်သွင်းသင်ကြားပေးရန်၊ ထို့ကြောင့် မူဝါဒနှင့် အဖွဲ့အစည်းဆိုင်ရာ အရေးယူဆောင်ရွက်မှုများကို ကျား/မတန်းတူအမြင်ဖြင့် လက်တွေ့ကျကျ ဆောင်ရွက်ခြင်းသည် ရေကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံ အုတ်မြစ်တစ်ရပ်ပင် ဖြစ်ပါသည်။

**ချိတ်ဆက်စဉ်းစားရမည်**

ကမ္ဘာမြေပေါ်ရှိ ရေအရင်းအမြစ်များသည် ပမာဏအရ များပြားသော်လည်း လူသားတို့ တိုက်ရိုက်အသုံးပြုနိုင်သည့် ရေချိုပမာဏမှာ အလွန်အကန့်အသတ်ဖြင့် ရှိနေသည်ကို သိပ္ပံဆိုင်ရာ သုတေသနများက ထင်ရှားစွာပြသထားပါသည်။ ထိုသို့ ရေချိုရရှိနိုင်မှု ကန့်သတ်နေသော အခြေအနေအတွင်း ၂၁ ရာစု၏ ရာသီဥတုပြောင်းလဲမှု၊ ရေရှားပါးမှုနှင့် ရေဘေးအန္တရာယ် စိန်ခေါ်မှုများကို ရင်ဆိုင်ရန် နည်းပညာနှင့် မူဝါဒများကိုသာ မျှော်မှန်းထားခြင်းဖြင့် မလုံလောက်တော့ဘဲ ကျား/မတန်းတူ ပါဝင်နိုင်ရေးကို အဓိကအခြေခံချက်တစ်ရပ်အဖြစ် မဖြစ်မနေ ထည့်သွင်းစဉ်းစားရန် လိုအပ်လာပါသည်။

အထူးသဖြင့် လက်ရှိ မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် စီးပွားရေး အပြောင်းအလဲများကြောင့် WASH ဝန်ဆောင်မှုများ ကျဆင်းလာနိုင်ခြေရှိသည့် အခြေအနေတွင် **အမျိုးသမီးများ၏ ဆုံးဖြတ်ပိုင်ခွင့်ကို ဥပဒေလမ်းကြောင်းအရ ပိုမိုခိုင်မာအောင် ဆောင်ရွက်ခြင်းသည်** ရေရှည်တည်တံ့သော ရေစီမံခန့်ခွဲမှုစနစ်များ တည်ဆောက်နိုင်ရေးအတွက် အရေးပါသော သော့ချက်တစ်ရပ်ပင်ဖြစ်ပါသည်။ Dry Zone ၏ ရေရှားပါးမှု၊ မြစ်ဝကျွန်းပေါ်၏ ရေဘေးနှင့် တောင်ပေါ်ဒေသ၏ ရေရရှိရန်ခက်ခဲမှု စသည့် ဒေသအလိုက် ကွဲပြားသော စိန်ခေါ်မှုများကို အမျိုးသမီးများ၏ အသံနှင့် အတွေ့အကြုံများမှတစ်ဆင့် ဖြေရှင်းနိုင်မှသာလျှင် ပိုမိုထိရောက်သော ရေကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။

အနှစ်ချုပ်အားဖြင့် “ရေအသက်တစ်မနက်” ဟူသော သဘောတရားကို လက်တွေ့အကောင်အထည်ဖော်ရန်အတွက် SDGs Goal 5 နှင့် Goal 6 တို့ကို အပြန်အလှန်ထောက်ပံ့ပေးသော ရည်မှန်းချက်များအဖြစ် ချိတ်ဆက်စဉ်းစားရမည်ဖြစ်ပါသည်။ ထို့ကြောင့် ရေကဏ္ဍစုံ ဖွံ့ဖြိုးရေးသည် နည်းပညာရှင်များ၏ တာဝန်သာမက အမျိုးသား၊ အမျိုးသမီး အားလုံး တန်းတူညီမျှ လက်တွဲဆောင်ရွက်ရမည့် **အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်** တင်ပြအပ်ပါသည်။

**References**


United States Geological Survey (USGS). (2024). Water Distribution on Earth (Water Science School).

UNICEF. (2016). Women and girls' burden of water collection (Global estimate on time spent).

World Health Organization (WHO) & UNICEF. (2019). Joint Monitoring Programme (JMP) for Water Supply, Sanitation and Hygiene.

United Nations (UN). (2015). Sustainable Development Goals (SDG 5 & SDG 6).

UNICEF & WHO. (2023). Progress on household drinking water, sanitation and hygiene (JMP Report).

United Nations. (2024). World Water Day (March 22) – Official information.

United Nations Development Programme (UNDP). (2017). Myanmar Dry Zone Develop–ment / Water Access Projects.

# တက္ကသိုလ်/ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၅) သင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် မတ် ၂၀**

တက္ကသိုလ်/ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံ သင်တန်း အမှတ်စဉ်(၂၅) သင်တန်းဆင်းပွဲကို ယနေ့ နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးစိုးမင်းဦး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးဆန်းမြင့်၊ အမြဲတမ်းအတွင်းဝန် ဦးမြင့်ဆွေ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ် သင်ကြား/ စီမံဌာနများမှ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။



သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် အဓိကလိုအပ်ချက်သည် နိုင်ငံသားအားလုံး အသိဉာဏ်ပညာပြည့်ဝရေးနှင့် အတွေးအခေါ် မှန်ကန်ရေးဖြစ်ကြောင်း၊ ယခုသင်တန်းကို တက္ကသိုလ်/ကောလိပ် အသီးသီးရှိ သင်ကြားရေး ဆရာ ဆရာမများ၏ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်စေပြီး အဆင့်မြင့်ပညာရေးနှင့်စပ်လျဉ်းသော ဗဟုသုတများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် သက်ဆိုင်သော အသိပညာများ တိုးပွားလာစေရန်၊ အစုအဖွဲ့ဖြင့် လုပ်ကိုင်ဆောင်ရွက်ရာတွင် ညှိနှိုင်းပေါင်းစပ်လုပ်ကိုင်နိုင်ပြီး ယုံကြည်ချက်၊ခံယူချက်၊ စိတ်နေစိတ်ထားများ ပိုမိုကောင်းမွန်လာစေရန်နှင့် အခြေခံကာကွယ်ရေးပညာကို နားလည်သဘောပေါက်စေရန်အတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ဦးတည်ချက်(၄)ရပ် ချမှတ်ကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူတို့၏ လူမှုစီးပွားဘဝမြင့်တင်ရေးနှင့် အမျိုးသား ပညာရေး၊ ကျန်းမာရေးကဏ္ဍများ မြင့်မားရေးတို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာတွင် ဆရာ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများက ကျရာအခန်းကဏ္ဍမှ ကျွမ်းကျင်မှုနှင့်အတူ စိတ်စေတနာကောင်းဖြင့် ပေါင်းစပ်ပါဝင်ဆောင်ရွက်ကြစေလိုကြောင်း၊ ပညာသည် လူတစ်ဦးချင်းစီ၏ ကိုယ်ရည်ကိုယ်သွေး၊ ပင်ကိုစိတ်ဓာတ်နှင့် ခံယူချက်များကို မြင့်မားတိုးတက်စေသည့်အတွက် နိုင်ငံအတွက် အရေးပါပြီး တန်ဖိုးကြီးမားသည့် အခြေခံအရည်အချင်း ဖြစ်ပါကြောင်း၊ ပညာသင်ယူမှုမှတစ်ဆင့် ရရှိလာသည့် စဉ်းစားဆင်ခြင်သုံးသပ်နိုင်စွမ်းနှင့် ပြဿနာဖြေရှင်းနိုင်စွမ်းသည် နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အုပ်ချုပ်ရေး ကဏ္ဍအသီးသီးအတွက် များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း။

နိုင်ငံသားတိုင်း လိုက်နာရမည့် စည်းကမ်းများ၊ တည်ဆဲဥပဒေများကို စောင့်ထိန်းလိုက်နာကြရန်၊ ပါတီနိုင်ငံရေး ကင်းရှင်းပြီး နိုင်ငံ့ဝန်ထမ်းသစ္စာ အဓိဋ္ဌာန် ၆ ချက်နှင့် ကျင့်ဝတ်အပါး ၃၀ ကို အလေးထားလိုက်နာကြရန်၊ သင်တန်းကရရှိခဲ့သည့် အတွေ့အကြုံ ဗဟုသုတများကို လက်တွေ့လုပ်ငန်းခွင်နှင့် ပေါင်းစပ်ပြီး မိမိတို့၏ တက္ကသိုလ်/ ကောလိပ်နှင့် မိမိတို့ဒေသ၏ ပညာရေးကဏ္ဍ မြင့်မားတိုးတက်လာအောင် ကြိုးပမ်းကြရန်၊ ပညာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျောင်းသား လူငယ်၊ မိဘပြည်သူနှင့် ရပ်ရွာလူထုအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ကြရန်နှင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်မည့် ပညာရပ်များကို ဆည်းပူးလေ့လာပြီး နိုင်ငံတော်အတွက် အားထားရသည့် မျိုးဆက်သစ်များ၏ ပညာရေးအခွင့်အလမ်းအသစ်များ ပေါ်ထွန်းစေရေး ကြိုးပမ်းကြရန် တိုက်တွန်းမှာကြားသည်။

အဆိုပါသင်တန်းသို့ ဝန်ကြီးဌာန ရှစ်ခုမှ သင်တန်းသား ၆၈ ဦး၊ သင်တန်းသူ ၃၀၅ ဦး စုစုပေါင်း ၃၇၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပါတ် ကြာမြင့်ခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌသည် တက္ကသိုလ်တာဝန်ရှိသူများနှင့်အတူ တက္ကသိုလ်ရှိ ပတ္တမြားခန်းမ၌ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံ၍ အမှာစကား ပြောကြားကာ တက္ကသိုလ်စာကြည့်တိုက်၊ မဟောသဓခန်းမနှင့် စစ်တောင်းဆောင် ပြင်ဆင်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ တက္ကသိုလ်တွင် တစ်ပိုင်တစ်နိုင် စိုက်ပျိုးထားရှိသည့် စိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စံပယ်ဆောင်တွင် အရာထမ်းငယ်သင်တန်း အမှတ်စဉ် (၁၀၅) သင်တန်းသူများနှင့်အတူ နေ့လယ်စာ သုံးဆောင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စေတနာရှင်အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် မတ် ၂၀**

(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စေတနာရှင် အလှူရှင်များက ဂုဏ်ပြုအလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပသည်။

အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဟိန်း၊ တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ပြည့်စုံလင်း၊ တပ်မတော်နေ့ ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ တပ်မတော်နေ့ စစ်ရေးပြမှူးကြီး ဗိုလ်ချုပ် မင်းမင်းစိုးနှင့် စစ်ကြောင်းမှူးများ၊ စေတနာရှင် အလှူရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စေတနာရှင် အလှူရှင်များက ဂုဏ်ပြုအလှူငွေ စုစုပေါင်းငွေကျပ် ၄၅၈၁၉၃၀၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ် ပြည့်စုံလင်း၊ တပ်မတော်နေ့ ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ကြည်သိုက်၊ တပ်မတော်နေ့ ကျင်းပရေး စစ်ရေးပြလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဒုတိယတပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်ချုပ် စန်းယုနိုင်၊ တပ်မတော်နေ့ စစ်ရေးပြမှူးကြီး ဗိုလ်ချုပ် မင်းမင်းစိုးတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။




ထို့နောက် အလှူရှင်များကိုယ်စား အလှူရှင်တစ်ဦးက လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်ချုပ် ပြည့်စုံလင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဂုဏ်ပြုအလှူငွေ ပေးအပ်လှူဒါန်းပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်အဖွဲ့ဝင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် အဖွဲ့ဝင်များက တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် မော်လမြိုင်ပညာရေးဒီဂရီကောလိပ် ဆရာ ဆရာမများနှင့် တွေ့ဆုံ

**နေပြည်တော် မတ် ၂၀**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် မော်လမြိုင်တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်များနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက မော်လမြိုင်ပညာရေး ဒီဂရီကောလိပ် ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက မော်လမြိုင် ပညာရေးဒီဂရီကောလိပ်ကို ဆရာအတတ်ပညာ တက္ကသိုလ်အဖြစ်သို့ အဆင့်တိုးမြှင့် ဖွင့်လှစ်နိုင်ရေးအတွက် သင်ရိုးညွှန်းတမ်း ရေးဆွဲရေး၊ ဆရာ တိုးချဲ့ခန့်ထားရေး၊ ဆရာ အရည်အသွေး မြှင့်တင်ရေး၊ တက္ကသိုလ် အင်္ဂါရပ်များ ပြည့်စုံရေးအတွက် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝိဇ္ဇာ/သိပ္ပံ (ပညာရေး) ဘွဲ့စာမေးပွဲများကို ထူးချွန်စွာ အောင်မြင်သူများသည် မဟာဝိဇ္ဇာ/မဟာသိပ္ပံ(ပညာရေး) ဘွဲ့ သင်တန်းများသို့ ဆက်လက်တက်ရောက်ကာ အထက်တန်းပြ ဆရာ ဆရာမများ ဖြစ်လာနိုင်သည့် လမ်းကြောင်းကို ကျောင်းသားကျောင်းသူများအား အသိပေးပြီး ကြိုးစားသင်ယူ လေ့လာထားကြရန် တိုက်တွန်းအားပေးကြစေလိုပါကြောင်း၊ ယနေ့ခေတ်ကာလတွင် ငယ်ရွယ်သူ ဆရာ ဆရာမများမှာ လူမှုကွန်ရက်တွင် ကျောင်းဝတ်စုံများဖြင့် ထုတ်လွှင့်မှုမျိုးစုံ ပြုလုပ်လာကြသည်ကို တွေ့မြင်နေကြရပါကြောင်း။



ပညာရေး တက္ကသိုလ်များ၊ ပညာရေးဒီဂရီကောလိပ်များသည် အခြေခံပညာ ဆရာ ဆရာမလောင်းများကို စနစ်တကျ လေ့ကျင့်ပျိုးထောင်ပေးရာ ဌာနကြီးများဖြစ်သည့် အားလျော်စွာ မိမိတပည့်များကို ဆရာ ဆရာမ ကျင့်ဝတ်၊ ဂုဏ်သိက္ခာနှင့်အညီ ပြုမူ၊ ပြောဆို၊ နေထိုင်၊ လုပ်ကိုင်တတ်စေရေးအတွက် ပညာရေး သဘောတရား ဘာသာရပ်တွင်သာမက ကျန်ဘာသာရပ်များကို သင်ကြားချိန်တွင်လည်း အလျဉ်းသင့်သလို ထည့်သွင်းပြောဆို သွန်သင် ဆုံးမပေးကြစေလိုပါကြောင်း၊ ကျောင်းရှေ့ စုဝေးကွင်းတွင် နေ့စဉ်နိုင်ငံတော်အလံ အလေးပြုခြင်း၊ နိုင်ငံတော်သီချင်း သီဆိုခြင်း အလေ့အကျင့်ကောင်းများကို မပျက်မကွက် လေ့ကျင့်ပေးကြစေလိုပါကြောင်း၊ နိုင်ငံတော်အကြီးအကဲက ပညာရေးဒီဂရီကောလိပ်တိုင်းတွင် အားကစားကွင်းရှိစေရေး စီမံဖြည့်ဆည်းပေးလျက်ရှိရာ ကျောင်းသား ကျောင်းသူများ အားကစားနှင့်ကာယ၊ ပြေးခုန်ပစ်ကစားနည်းမျိုးစုံ ကစားနိုင်စေရေး ကျောင်းအုပ်ကြီးများက စီမံခန့်ခွဲပေးကြစေလိုကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် ပညာရေးဒီဂရီကောလိပ်ဝင်းအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဝင်းရှိန် အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြု လက်မှတ်ပေးအပ်ပွဲအခမ်းအနား တက်ရောက်၍ စက်ရုံများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် မတ် ၂၀**

မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့(NSSA) ၏ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကင်းမြို့နယ်ရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း၌ ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက NSSA သည် ၂၀၁၄ ခုနှစ်မှ ၂၀၂၆ ခုနှစ် မတ်လအတွင်း အလုပ်အကိုင်အမျိုးအစား ၇၁ မျိုးအတွက် ကျွမ်းကျင်မှုစံအဆင့်အလိုက် ၁၀၄ မျိုးကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပြီး ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာန ၃၀၅ ခု၊ စစ်ဆေးအကဲဖြတ်သူ ၉၂၁ ဦး၊ စစ်ဆေးရေးမှူး ၁၃၅ ဦး၊ အလုပ်အကိုင် ၄၂ မျိုးတွင် ဖြေဆိုသူ ၃၄၂၇၆ ဦး ဖြေဆိုခဲ့မှုအနက် ၃၁၇၃၃ ဦးကို ကျွမ်းကျင်လုပ်သားများအဖြစ် အသိအမှတ်ပြုနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ယနေ့ အခမ်းအနားတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ အလုပ်အကိုင် ခုနစ်မျိုးအတွက် ကျွမ်းကျင်လုပ်သား ၃၀၀ ကို အမျိုးသားအဆင့်အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များ ပေးအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် ကိုယ်စားလှယ်များက အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာကျွမ်းကျင်မှု အသိအမှတ်ပြု လက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများသည် လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်အနော်ရထာစက်မှုဇုန်ရှိ အထည်ချုပ်စက်ရုံများကို သွားရောက်စစ်ဆေးပြီး အလုပ်သမားအဖွဲ့အစည်းဝင်များ၊ အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ(WCC) အဖွဲ့ဝင်များ၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ တာဝန်ခံများ၏ လုပ်ငန်းခွင်အခြေအနေ ရှင်းလင်းတင်ပြမှုအပေါ် ဒုတိယဝန်ကြီးက လိုအပ်သည်များ မှာကြား၍ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ဘုရားငါးဆူကုန်ထုတ်အကျဉ်းစခန်း၊ ရဲစခန်းအချုပ်ခန်းများနှင့် ဘိုးဘွားရိပ်သာတို့အား ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၂၀**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်များနှင့်အညီ ၂၀၂၆ ခုနှစ် မတ် ၁၈ ရက်တွင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်ရှိ ဘုရားငါးဆူ ကုန်ထုတ် အကျဉ်းစခန်းနှင့် သာစည်မြို့မရဲစခန်းအချုပ်ခန်းသို့လည်းကောင်း၊ မတ် ၁၉ ရက်တွင် မိတ္ထီလာမြို့နယ်ရှိ မိတ္ထီလာမြို့မရဲစခန်းအချုပ်ခန်း၊ အမှတ်(၂) နယ်မြေရဲစခန်း အချုပ်ခန်းနှင့် မိတ္ထီလာဘိုးဘွားရိပ်သာသို့လည်းကောင်း သွားရောက် ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစစ်ဆေးရေး အဖွဲ့သည် ဘုရားငါးဆူ ကုန်ထုတ် အကျဉ်းစခန်းကို ကော်မရှင်ဥပဒေပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသားများကို အိပ်ဆောင်၌ စုစည်းတွေ့ဆုံကာ အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှုအခြေအနေ၊ ကျန်းမာရေး စောင့်ရှောက်မှု အခြေအနေ၊ သန့်ရှင်းသောသောက်ရေနှင့် သုံးရေရရှိစေရန် ဆောင်ရွက်ပေးနေမှုအခြေအနေ၊ မိသားစုလာရောက်တွေ့ဆုံနိုင်မှုအခြေအနေ၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာရရှိမှုအခြေအနေ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများ ရရှိမှုအခြေအနေ၊ ကျန်းမာကြံ့ခိုင်ရေးအတွက် ကိုယ်လက်လှုပ်ရှားအားကစား ဆောင်ရွက်ပေးမှုအခြေအနေ၊ လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ် ကင်းရှင်းရေး ဆောင်ရွက်ထားရှိမှုအခြေအနေ၊ အချိန်ပိုအလုပ်ဆင်းစေမှု ရှိ မရှိ၊ လုပ်ငန်းခွင်အတွင်း ခွဲခြားဆက်ဆံမှု ရှိ၊ မရှိနှင့် ညှဉ်းပန်းနှိပ်စက်မှု ရှိ၊ မရှိအခြေအနေတို့ကို မေးမြန်းကာ အကျဉ်းသားများ၏ အိပ်ဆောင်များ၊ ဆေးခန်း၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ထမင်းစားဆောင်၊ ရိက္ခာဂိုဒေါင်၊ ရေသန့်စက်၊ သုံးရေချိုးရေကန်များနှင့် အတွင်း အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ၊ မရှိနှင့် ထောင်ဝင်စာ တွေ့ဆုံသည့်နေရာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးလျက် ယခင်အကြံပြုချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများကိုလည်း လှည့်လည်စစ်ဆေးခဲ့ပြီး အကျဉ်းသားများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ဗဟုသုတရဖွယ် စာအုပ်စာပေများကို ပေးအပ်လှူဒါန်းသည်။

မိတ္ထီလာဘိုးဘွားရိပ်သာအား ကြည့်ရှုစစ်ဆေးစဉ် ရိပ်သာ၌ လက်ခံ စောင့်ရှောက်ပေးလျက်ရှိသော ဘိုးဘွားများအား အိပ်ဆောင်များ၌ သွားရောက်တွေ့ဆုံပြီး ကျန်းမာရေးစောင့်ရှောက်ပေးနေမှု၊ အစားအစာနှင့်အာဟာရ ဖြည့်ဆည်းကျွေးမွေးမှု၊ သန့်ရှင်းသော သောက်ရေနှင့် သုံးရေ ရရှိစေရန် ဆောင်ရွက်ပေးနေမှု၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်နိုင်မှု၊ ဘိုးဘွားအိပ်ဆောင်များ၊ ရေချိုးခန်း၊ သန့်စင်ခန်း၊ စားဖိုဆောင်များ ကျန်းမာရေးနှင့် ညီညွတ်အောင် ဆောင်ရွက်ထားရှိမှု၊ ဘိုးဘွားများ အနားယူအပန်းဖြေရန် စီစဉ်ဆောင်ရွက်ပေးထားမှု၊ နိုင်ငံသားစိစစ်ရေးကတ် ရရှိအောင် ဆောင်ရွက်ထားရှိမှု၊ အသက် (၈၅) နှစ်ပြည့်ပြီးသော သက်ကြီးအဘိုး၊ အဘွားများအား လူမှုရေးပင်စင် ထောက်ပံ့ကြေး ရရှိရေး ဆောင်ရွက်ပေးနေမှုနှင့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစား ပင်စင်လစာထုတ်ယူရရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

သာစည်မြို့မ ရဲစခန်းအချုပ်ခန်း၊ မိတ္ထီလာမြို့မရဲစခန်းအချုပ်ခန်းနှင့် အမှတ်(၂)နယ်မြေရဲစခန်း အချုပ်ခန်းတို့ကို သွားရောက် ကြည့်ရှုစစ်ဆေးစဉ် အချုပ်သားများအား ချုပ်မိန့်မရှိဘဲ ၂၄ နာရီ ကျော်လွန်ချုပ်နှောင်မှု ရှိ၊ မရှိ၊ အချုပ်သားများ၏ ရမန်ကာလ အခြေအနေ၊ အချုပ်သားများထံမှ သိမ်းဆည်းထားသော ပစ္စည်းများကို စနစ်တကျ သိမ်းဆည်းထားခြင်း ရှိ၊ မရှိ၊ အချုပ်ခန်းများတွင် နေထိုင်စဉ်ကာလအတွင်း ညှဉ်းပန်းနှိပ်စက်မှု ရှိ၊ မရှိ၊ မိသားစုနှင့် တွေ့ဆုံနိုင်မှု၊ နေထိုင်စားသောက်ရေး စီစဉ်ပေးမှု အခြေအနေ၊ ကျန်းမာရေး စောင့်ရှောက်ပေးမှု အခြေအနေ၊ အချုပ်ခန်းများ အတွင်း မိလ္လာသုံးစွဲမှုနှင့် တရားရုံးထုတ်စဉ် မိသားစုဝင်များ၊ အကျိုးဆောင်ရှေ့နေများနှင့် တွေ့ဆုံခွင့် ရရှိမှုအခြေအနေတို့ကို အချုပ်သားတစ်ဦးချင်းအား တွေ့ဆုံမေးမြန်းပြီး အချုပ်ခန်းများ၏ သန့်ရှင်းမှု၊ အလင်းရောင်ရရှိမှုနှင့် လေဝင်လေထွက်ကောင်းမွန်မှု ရှိ၊ မရှိ တို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်စွာ ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ သိရသည်။

**သတင်းစဉ်**



နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မီးသတ်စခန်း၌ မီးဘေးလုံခြုံရေး အထူးကျွမ်းကျင်မှု သင်တန်းအမှတ်စဉ် (၃/၂၀၂၆) ကို ဖေဖော်ဝါရီ ၂၃ ရက်မှ မတ် ၂၀ ရက်အထိ ဖွင့်လှစ်သင်ကြားပေးရာ ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူ မတ် ၂၀ ရက်က သင်တန်းဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။ ဧော်ဘီ

*❂ ကျောဖုံးမှ*

အက်စ်တွန်ဗီလာအသင်းသည် ယူရိုပါလိဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် စီးရီးအေကလပ် ဘိုလော့ဂ်နာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ပွဲချိန် ၅၄ မိနစ်တွင် အက်စ်တွန်ဗီလာအသင်း ဦးဆောင်ဂိုးရရှိခဲ့ပြီး ဆန်ချို၏ဖန်တီးမှုမှ အသင်းခေါင်းဆောင် မက်ဂင်က သွင်းယူပေးခဲ့သည်။ အက်စ်တွန်ဗီလာအသင်းအတွက် ဒုတိယဂိုးကို ပွဲချိန် ၈၆ မိနစ်တွင် ဘိုင်လေက သွင်းယူပေးခဲ့သည်။

အခြားပွဲစဉ်ရလဒ်များတွင် နော်တင်ဟမ်က မစ်ဂျေးလန်းကို နှစ်ဂိုး-တစ်ဂိုး၊ ဖရိုင်းဘတ်က ဂျန့်ခ်ကို ငါးဂိုး- တစ်ဂိုး၊ ဆဲလ်တာဗီဂိုက လိုင်ယွန်ကို နှစ်ဂိုး-ဂိုးမရှိ၊ ပေါ်တိုက စတုဂတ်ကို နှစ်ဂိုး-ဂိုးမရှိ၊ ဘက်တစ်က ပါနာသီနိုင်ကော့စ်ကို လေးဂိုး-ဂိုးမရှိ၊ ဘိုလော့ဂ်နာက ရိုးမားကို လေးဂိုး-သုံးဂိုးဖြင့် နိုင်ပွဲအသီးသီးရရှိခဲ့သည်။

ယူရိုပါလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်များ ယှဉ်ပြိုင်ကစားအပြီးတွင် ကွာတားဖိုင်နယ်သို့ အက်စ်တွန်ဗီလာ၊ ဘရာဂါ၊ ဘက်တစ်၊ ဖရိုင်းဘတ်၊ ဆဲလ်တာဗီဂို၊ ပေါ်တို၊ နော်တင်ဟမ်ဖောရက်စ်နှင့် ဘိုလော့ဂ်နာအသင်းတို့ တက်လှမ်းနိုင်ခဲ့သည်။ **အောင်ဇော်**

*✳ ကျောဖုံးမှ*

ချင်းတွင်းမြစ်ရေသည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မုံရွာမြို့တွင် ၈၃ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ၂၀၂၆ ခုနှစ် မတ်လ တတိယ (၁၀) ရက်ပတ်အတွင်း လက်ရှိရေမှတ်အထက် ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ ရေနည်းသတိပေးမှတ် ၁၀၀ စင်တီမီတာအောက်တွင် ဆက်လက်တည်ရှိနိုင်သည်။

**မိုး/ဇလ**

# သာစည်မြို့နယ်နှင့် စမ်းချောင်းမြို့နယ်တို့တွင် ငွေကျပ် ၆၃၅၄ သိန်းတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိ



ပြစ်မှုကျူးလွန်သူ ပိုင်ရဲထွန်း၊ ဇော်ရှိုင်း၊ ဝင်းဇော်ဇော်တင်နှင့် ငြိမ်းထွန်းဦး တို့ကို ဖမ်းဆီးရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် မတ် ၂၀**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၇ ရက် နံနက် ၉ နာရီက သတင်းအရ သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာအနီးတွင် YUTONG အမျိုးအစား ခရီးသည်တင် မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရာဖွေရာ ယာဉ်ပေါ်တွင် လိုက်ပါလာသည့် ခရီးသည်များဖြစ်သည့် မင်္ဂလာဒုံမြို့နယ်နေ ဝင်းဇော်ဇော်တင် (၄၂) နှစ်၊ လားရှိုးမြို့ မြန်မာခါးရိုးရပ်ကွက်နေ ပိုင်ရဲထွန်း (၂၁) နှစ်နှင့် ဇော်ရှိုင်း (၂၀) နှစ်တို့ သုံးဦး သယ်ဆောင်လာသည့် စိတ်ပြောင်း ဆေးဝါးများဖြစ်သည့် HAPPY WATER ၅ ဒသမ ၂၃၅ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၁၂၀၀ နှုန်းဖြင့် ငွေကျပ် ၆၂၈၂ သိန်း)၊ ကက်တမင်း ၀ ဒသမ ၂ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၃၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၆၀) တို့အား ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ မွန်းလွဲ ၁ နာရီခွဲက စမ်းချောင်းမြို့နယ်ရှိ ဟိုတယ်တစ်ခု၌ တည်းခိုနေသည့် စိတ်ပြောင်းဆေးဝါးများ သယ်ဆောင်ခိုင်းသူ လားရှိုးမြို့ သီရိမဟာရပ်ကွက်နေ ငြိမ်းထွန်းဦး (၃၂) နှစ်အား စိတ်ပြောင်းဆေးဝါး HAPPY WATER ၄၀ ဂရမ် (တစ်ဂရမ်လျှင်ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁၂ သိန်း) နှင့်အတူ ဆက်လက်ဖမ်းဆီးရမိသဖြင့် ဝင်းဇော်ဇော်တင်၊ ပိုင်ရဲထွန်း၊ ဇော်ရှိုင်းနှင့် ငြိမ်းထွန်းဦးတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❑ *ကျော့ဖုံးမှ*

ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြပြီး တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ ကျင်းပသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ အဖွဲ့ဝင်များသည် မိသားစုဝင်ဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့်အကြမ်းဖက်လုပ်ရပ်လုပ်ဆောင်နေမှုများကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျနိုပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်ခြင်း မရှိတော့ဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာကြသည့် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့မှ အမျိုးသား ငါးဦး၊ အမျိုးသမီး တစ်ဦး၊ ရွှေကျင်မြို့မှ အမျိုးသား တစ်ဦး၊ ရွှေတောင်မြို့မှ အမျိုးသား တစ်ဦး၊ ရေတာရှည်မြို့မှ အမျိုးသား သုံးဦး၊ ပန်းတောင်းမြို့မှ အမျိုးသား ခြောက်ဦး၊ အုတ်ဖိုမြို့မှ အမျိုးသား နှစ်ဦး၊ မင်းလှမြို့မှ အမျိုးသား တစ်ဦး၊ ဖြူးမြို့မှ အမျိုးသား တစ်ဦး၊ ပေါက်ခေါင်းမြို့မှ အမျိုးသား တစ်ဦး စုစုပေါင်း အမျိုးသား ၂၁ ဦးနှင့် အမျိုးသမီး တစ်ဦးတို့အား တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ အေးချမ်းဖြိုးခန်းမ၌ပြုလုပ်ရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သူရဇော်လွင်စိုးနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား အသိပညာပေး အမှာစကားပြောကြားသည်။

ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် M4 သေနတ် နှစ်လက်၊ MA1 သေနတ် သုံးလက်၊ MA3 နှစ်လက်၊ MA4 သေနတ် တစ်လက်၊ AK47သေနတ် တစ်လက်၊ T-81 သေနတ် တစ်လက်၊ ပစ္စတိုနှစ်လက်၊ လေသေနတ် တစ်လက်၊ ကျည်မျိုးစုံ ၅၆၉ တောင့်၊ ကျည်အိမ် ၁၆ ခု၊ လက်ပစ်ဗုံး လေးလုံး၊ ၄၀မမဗုံးသီး ခုနစ်လုံး၊ ခဲဖူး ၈၈ခုတို့အား လွှဲပြောင်းအပ်နှံရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား မောင်းပြန်ရိုင်ဖယ်သေနတ် တစ်လက်အတွက် ဆုကြေးငွေကျပ်သိန်း ၅၀ နှုန်းဖြင့် ၁၀ လက်အတွက် ငွေကျပ် သိန်း ၅၀၀၊ ပစ္စတို တစ်လက်အတွက် ဆုကြေးငွေကျပ်သိန်း ၃၀ နှုန်းဖြင့် နှစ်လက်အတွက် ဆုကြေးငွေကျပ်သိန်း ၆၀၊ လေသေနတ် တစ်လက်အတွက် ဆုကြေးငွေကျပ် ငါးသိန်း၊ လက်ပစ်ဗုံး တစ်လုံးစီအတွက် ဆုကြေးငွေကျပ် သုံးသိန်းနှုန်းဖြင့် လက်ပစ်ဗုံး လေးလုံး အတွက် ငွေကျပ် ၁၂ သိန်းနှင့် ထောက်ပံ့ပစ္စည်းများကို ထပ်မံထောက်ပံ့ပေးအပ်ရာ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများကိုယ်စား ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ခံဝန်ကတိ လက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်း အပ်နှံပေးအပ်ပြီး တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံသည်။

ထိုသို့ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည် ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများနှင့် ၎င်းတို့၏ မိဘများထံမှ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-



၁။ BPLA မှာ တာဝန်ထမ်းဆောင်ပါတယ်။ ကျွန်တော့် သူငယ်ချင်းနဲ့ နှစ်ယောက် လားရှိုးကို သွားရင်းနဲ့ လားရှိုးမှာ အဖမ်းခံရတာပါ။ အရပ်သားအစိုးရ ပေါ်လာရင်တော့ လက်နက်ချပြီး လက်နက်ပြန်အပ်ကြမယ်။ တဖြည်းဖြည်းနဲ့ နေပါများလာတော့လည်း သိလာတယ်။ ကျွန်တော်တို့ ဥပဒေဘောင်အတွင်းကို ဝင်ရောက်လာပြီးတဲ့အချိန်မှာ စပြီးတော့ ကျွန်တော့် သူငယ်ချင်းတွေအားလုံး စရောက်ကတည်းက လွတ်လွတ်လပ်လပ် ထားတယ်။ လိုလေသေး မရှိအောင် ထားပေးတယ်။ အဆက်အသွယ်မရှိတဲ့ လူတွေအားလုံးကိုလည်း မိဘတွေနဲ့ အဆက်အသွယ်ရအောင်လို့ ဝိုင်းဝန်းကူညီပေးကြတယ်။ စားနပ်ရိက္ခာ ထောက်ပံ့တာကတော့ AA က ထောက်ပံ့ပါတယ်။ ကျွန်တော်ဆိုရင် ရှေ့တန်းစစ်မြေပြင် ရောက်လာတဲ့အချိန်မှာ ကြုံသလိုစားရတယ်။ တချို့အန္တရာယ်တော်တော်များတဲ့ ရက်တွေမှာလည်း အချိန်ကုန်သွားတော့ မစားရတဲ့ ရက်တွေလည်း ရှိပါတယ်။ ကျွန်တော်တို့ ကျန်တဲ့သူငယ်ချင်းတွေ အားလုံးကိုလည်း အချိတ်အဆက်လုပ်ဖို့လည်း ရှိပါတယ်။ သူတို့လည်း ပထမတုန်းက ကျွန်တော်နဲ့အတူတူ ထွက်လာဖို့ပဲ။ ဒါပေမယ့်အခက်အခဲတွေက အများကြီးရှိတယ်။ CAMPAIGN လုပ်တာတွေ ဘာတွေကျတော့ ဝင်ပြီးကူညီပေးရတယ်။ အထက်ပိုင်းကလူတွေပဲ စီစဉ်ကြတယ်။ ကျွန်တော်တို့ဆီမှာ အောက်ခြေရဲဘော်တွေက အဲဒီအကြောင်းတွေကို ဘာမှ မသိရဘူး။



၂။ FIRE DRAGON တပ်ဖွဲ့မှာ ပါဝင်ခဲ့ပါတယ်။ ၂၀၂၄ ခုနှစ် ၉ လပိုင်းလောက်က ရောက်တာပါ။ ကျောင်းမတက်နဲ့ ဘာမှမဖြစ်ဘူး။ သူတို့မြှူဆွယ်တာပေါ့။ သင်တန်းတက်ခဲ့ရတဲ့ကာလ အခြေအနေကတော့ ၉ လပိုင်းလောက်က တက်ခဲ့ရတာပေါ့။ ခက်ခဲကြမ်းတမ်းခဲ့တာပေါ့။ ကျဆုံးမှုကတော့ ပွဲတိုင်းလိုလို ရှိပါတယ်။ ကျဆုံးသွားတဲ့ ရဲဘော်တစ်ယောက်ကို အချိန်မပေးဘူး။ ဖြစ်သလိုပဲ သင်္ဂြိုဟ်လိုက်တယ်။ ခါးသီးတဲ့ အမှတ်တရတွေကတော့ အများကြီးပါ။ အထက်အောက် ငယ်သား တအားဖိတယ်။ ဖိနှိပ်မှု တအားများတယ်။ သူ့တို့စိတ်နဲ့ ကိုယ့်ကိုယ်ဖြစ်နေတဲ့ ပုံစံဖြစ်နေတာပေါ့။ ကိုယ့်စိတ်ကို မပိုင်ဘူး။ ကိုယ့်ကိုယ်ကိုယ် မပိုင်ဘူး။ အဲဒီလို ဖြစ်နေတဲ့ပုံစံပေါ့။ မနေချင်တော့ဘူး။ ပထမတစ်ခေါက်ကြိုးပမ်းခဲ့သေးတယ်။ မအောင်မြင်ဘူး။ ထပ် စဉ်းစားပြီးတော့ တပ်မတော်နဲ့ ချိတ်ဆက်မှုရပြီး ဝင်ခဲ့တာပါ။ ကျွန်တော်နဲ့အတူ နှစ်ဦးပါတယ်။ အမျိုးသမီး ကိုယ်ဝန်ဆောင်တစ်ယောက်နဲ့ သုံးဦးပေါ့။ ကျွန်တော်ဆိုရင် တစ်လလောက် အိပ်ရာထဲမှာပဲ လဲနေတာ။ လမ်းကောင်းကောင်း မလျှောက်နိုင်ဘူး။ ပထမတစ်ခေါက် မိသွားတော့ ကျွန်တော့်ကို ထုထောင်း ရိုက်နှက်တာတွေ လုပ်တယ်။ တစ်လလောက် ဆေးခန်းမှာ ဆေးကုလိုက်ရတယ်။ တစ်လလောက် လမ်းမလျှောက်နိုင်ဘူး။ ကျွန်တော် လမ်းလျှောက်နိုင်တဲ့ အချိန်ရောက်တော့ ကျွန်တော့်မိသားစုနဲ့ ဆက်သွယ်တယ်။ ကျွန်တော့်အမျိုးသမီးနဲ့ ဆက်သွယ်ပြီးတော့ ဖုန်းလေးတစ်လုံးလောက် ကျွန်တော်ခိုးပြီးတော့ ယူထားတယ်။ အဲဒီကနေမှ တပ်မတော်နဲ့ ချိတ်ဆက်လို့ရအောင် ကျွန်တော့်အမျိုးသမီးကို ပို့ခိုင်းတယ်။ ကျွန်တော့်အမျိုးသမီးကနေမှတစ်ဆင့် တပ်မတော်နဲ့ ချိတ်ဆက်ပေးတယ်။ ချိတ်ဆက်ပြီးတော့ အဲဒီကမှတစ်ဆင့် ကျွန်တော်တို့ ရဲဘော်သုံးယောက်တိုင်ပင်ပြီးတော့ လာခဲ့တာပါ။ အဖွဲ့ဝင် နာမည်တွေသုံးတယ်။ ပြီးတော့ အဖွဲ့အစည်းအပေါ် အသုံးချပြီးတော့ ကိုယ်ကျိုးအတွက် အသုံးချတယ်။ သူတို့ကြောင့်ဆိုပြီးတော့ တော်တော်များများ အိမ်တွေပျက်စီးတာတွေရှိတော့ ပြည်သူတွေကနေ ငြိုငြင်လာတာတွေ အများဆုံးတွေ့နေရတာပေါ့။ အတတ်နိုင်ဆုံး ကျန်နေခဲ့တဲ့ ကျွန်တော့်ရဲ့ ညီလေးတွေ၊ အစ်ကိုတွေပေါ့။ ကျွန်တော် ပြန်ပြီးတော့ ရအောင် ပြန်ဆွဲထုတ်ပေးမယ်။ ကျွန်တော်လည်း ပထမတုန်းက တွေဝေနေတာပဲ။ ပြတ်ပြတ်သားသား ဆုံးဖြတ်သင့်တယ်။ အလင်းဝင်လာတယ်ဆိုတာတော့ အခုလိုမျိုး နွေးနွေးထွေးထွေး ကြိုဆိုတဲ့အတွက်လည်း တော်တော်လည်း ကျေးဇူးတင်ပါတယ်။ ပထမကတော့ ဒီလိုမျိုးမထင်ခဲ့ဘူး။ သူတို့ရဲ့ ဝါဒမှိုင်းတွေကြောင့် အလင်းဝင်တဲ့သူတွေ၊ ဒီလိုထွက်ပြေးလာတဲ့ သူတွေကို တပ်မတော်ဘက်ကမိရင် သတ်ဖြတ်တာတွေ၊ ရိုက်နှက်တာတွေ၊ ထုထောင်းတာတွေ၊ မေးမြန်းပြီးတော့ သတ်ဖြတ်တယ်ဆိုပြီး သူတို့ကအဲဒီလို မှိုင်းတွေ တိုက်ထားတော့ ကျွန်တော်တို့ အခုပြေးမယ့်လူငယ်တွေ၊ အလင်းဝင်မယ့် လူငယ်တွေ၊ ထွက်ချင်တဲ့ လူငယ်တွေကျတော့ အဲဒါတွေကို ကြောက်ပြီးတော့သူတို့ မလာရဲကြဘူး။ အဓိကကတော့ မကြောက်ပါနဲ့လို့ပြောတာ။ ဒီဘက်မှာ လက်နက်ပါပါ မပါပါ နွေးနွေးထွေးထွေး ဆက်ဆံပါတယ်။ အကောင်းဆုံးကတော့ ဘယ်လိုပဲဖြစ်ဖြစ် တပ်မတော်ကို ကိုယ့်ရဲ့ကိုင်ဆောင်ထားတဲ့ လက်နက်တွေကို ပြန်အပ်နှံတာ အကောင်းဆုံးပါပဲ။

**သတင်းစဉ်**



နေပြည်တော် ကောင်စီဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများသည် မတ် ၁၉ ရက်က လယ်ဝေး မြို့နယ် ရှမ်းစုကျေးရွာအုပ်စု၌ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီး ဌာနမှ တာဝန်ယူဆောင်ရွက် လျက်ရှိသည့် ရှမ်းစုအရှေ့ ကျေးရွာနှင့် ဒက္ခိဏသီရိမြို့နယ် ရဲဒီးကျေးရွာသို့ ဆက်သွယ်သည့် လမ်းကို အရှည်ပေ ၀/၇.၁၈ မိုင် အကျယ်၁၆ ပေရှိ ကျောက် ချောလမ်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်း ကွင်းဆင်းကြည့်ရှု စစ်ဆေးစဉ်။ မြို့နယ်(ပြန်/ဆက်)

# ၁၃၈၇ ခုနှစ် ရန်ကုန်မြို့တော်မဟာသင်္ကြန်မဏ္ဍပ်၌ တိုင်းရင်းသားရိုးရာအကနှင့် ယိမ်းအကပြိုင်ပွဲများ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ရန်ကုန် မတ် ၂၀**

ယူနက်စကို၏ လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင် မြန်မာ့ရိုးရာ နှစ်သစ်ကူးအတာသင်္ကြန်ပွဲတော် ကို ဂုဏ်ပြုသောအားဖြင့် မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် ရန်ကုန်မြို့တော်မဟာသင်္ကြန် မဏ္ဍပ်၌ တိုင်းရင်းသားရိုးရာအကနှင့် ယိမ်း အကပြိုင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

ယိမ်းပြိုင်ပွဲများ ကျင်းပရာတွင် ၁၂ ဦးယိမ်း (မူကြိုကျောင်းများ)၊ ၁၂ ဦးယိမ်း (ကျောင်းများ)၊ ၁၂ ဦးယိမ်း (ရုံး/အခြား ဌာနများ)၊ ၁၆ ဦးယိမ်း (ကျောင်းများ)၊ (၁၆) ဦးယိမ်း (ရုံး/အခြားဌာနများ)၊ ၂၀ ဦးယိမ်း (အလွတ်တန်း)၊ ၁၂ ဦးယိမ်း (ကျား) (အလွတ်တန်း) နှင့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကများဖြင့် ကျင်းပသွားမည် ဖြစ်သည်။

ပြိုင်ပွဲဝင်အသင်းများအနေဖြင့် မတ် ၂၁ ရက် နောက်ဆုံးထား၍ ဗိုလ်တထောင် မြို့နယ် (၄၆) လမ်း (၁၂) ထပ်ခွဲရုံး ဆယ်လွှာရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေစီးရေလာစီမံခန့်ခွဲမှု) ၌ လာရောက်စာရင်းပေးသွင်းနိုင်ပြီး အသေးစိတ် သိရှိလိုပါက အကဲဖြတ်လုပ်ငန်းကော်မတီ ၏ ဖုန်း-၀၉-၅၃၂၁၆၇၅၊ ၀၉ - ၅၅၀၁၀၄၉၊ ၀၉ - ၄၅၂၈၁၃၆၇၂၊ ၀၉- ၄၂၀၇၁၃၆၃၂၊ ၀၉- ၄၅၀၅၄၀၈၅၂ တို့ကို ဆက်သွယ်စုံစမ်း နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



# မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကျင်းပ

**လှည်းကူး မတ် ၂၀**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား ရပ်ကွက်/ကျေးရွာပေါင်းစုံ အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို ယမန်နေ့က မြို့နယ် အားကစားကွင်း၌ ကျင်းပသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးရဲထွန်းနောင်က အမှာစကားပြောကြားပြီး ဘောလုံး ပြိုင်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် လှည်းကူးမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စား လှယ် ဦးအောင်မျိုးနိုင်နှင့် ဦးကျော်မင်းထွန်းတို့က လှည်းကူးမြို့နယ် အထက(မြို့မ) ကျောင်းဘင်ခရာတပ်ဖွဲ့အား ဂုဏ်ပြုငွေကျပ် ငါးသိန်း ချီးမြှင့်ပေးခဲ့ပြီး ပြိုင်ပွဲဝင်အားကစားသမားများကို လိုက်လံနှုတ်ဆက် အားပေးကြသည်။

အဆိုပါ ရပ်ကွက်/ကျေးရွာပေါင်းစုံ အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲတွင် အသင်းပေါင်း ၁၂ သင်း ပါဝင်ယှဉ်ပြိုင် ကြမည်ဖြစ်ကာ ယနေ့တွင် အုန်းနဲ့ကုန်းကျေးရွာအသင်းနှင့် မြို့မအသင်း တို့ စတင်ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

**အိရွှေစင်လတ်(ပြန်/ဆက်)**

# ဟိုပုံးမြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေး

**ဟိုပုံး မတ် ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံး မြို့နယ်၌ သစ်တောထိန်းသိမ်း ရေး၊ ရေသယံဇာတထိန်းသိမ်းရေး နှင့် မီးခိုးမြူငွေ့လျှော့ချရေး အသိ ပညာပေးဟောပြောခြင်းကို မတ် ၁၉ ရက်တွင် တာဝန်ရှိသူများက မိုင်းပျဉ်းကျေးရွာအုပ်စု ဖာလိုင် ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သစ်တောဦးစီးဌာနမှ ဦးစီး အရာရှိ ဦးဇော်လှိုင်ဆွေက သစ်တောထိန်းသိမ်းရေး၊ ရေသယံ ဇာတထိန်းသိမ်းရေး သိကောင်း စရာများနှင့် တောမီးကြောင့် သဘာဝပတ်ဝန်းကျင်၊ စိုက်ပျိုးမြေ များ၊ ပြည်သူပိုင်ပစ္စည်းများ ပျက်စီး ဆုံးရှုံးမှု မဖြစ်ပေါ်စေရေးနှင့် မီးခိုး မြူငွေ့ဖြစ်ပေါ်သည့် အဓိက အကြောင်းရင်းများ၊ မီးခိုးမြူငွေ့ များတွင် ပါဝင်သော လေထု ညစ်ညမ်းစေသည့်အရာများ၊ မီးခိုး မြူငွေ့များကြောင့် ကျန်းမာရေး ဆိုင်ရာဆိုးကျိုးများ၊ မီးခိုးမြူငွေ့ ညစ်ညမ်းမှု လျှော့ချရေးလုပ်ငန်း စဉ်များကို အသိပညာပေး ဟောပြောဆွေးနွေးသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

# ချောက်မြို့၌ မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေး

**ချောက် မတ် ၂၀**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်တွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့ နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနတို့ပူးပေါင်း၍ မီးခိုးမြူငွေ့လေထုညစ်ညမ်းမှု တားဆီး ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို မတ် ၁၉ ရက် က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟို ဌာနခန်းမ၌ ပြုလုပ်သည်။

မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သိမ့်ဝါက မီးခိုးမြူငွေ့ ဖြစ်ပေါ်ရခြင်းအကြောင်းရင်းများ၊ မီးခိုးမြူငွေ့ ကြောင့် ဖြစ်ပေါ်စေသော ဆိုးကျိုးများ၊ မီးခိုးမြူငွေ့ဖြစ်ပွားနေသော အချိန်များတွင် လိုက်နာဆောင်ရွက်ရမည့်အချက်များကို မေးမြန်းရာ မြို့နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမျိုး ကျော်ကျော်က မီးခိုးမြူငွေ့များသည် လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေ နိုင်ပြီး ထိုမှတစ်ဆင့် ရာသီဥတုပြောင်းလဲမှုကို တိုက်ရိုက်အကျိုး သက်ရောက်စေကြောင်း၊ မီးခိုးမြူငွေ့များကြောင့် လူများ၏ ကျန်းမာရေး ကိုသာမက ပတ်ဝန်းကျင်အခြေအနေကို ယိုယွင်းထိခိုက်စေနိုင်ကြောင်း စသည့်အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးသည်။

**ကျော်မိုး(ပြန်/ဆက်)**

# မုဒုံမြို့၌ အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**မုဒုံ မတ် ၂၀**

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် “အပြည်ပြည်ဆိုင်ရာသစ်တောများနေ့” အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက သစ်တောဦးစီး ဌာနမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မုဒုံမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးပြည်သိမ်းက အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အထိမ်း အမှတ် ဂုဏ်ပြုမိန့်ခွန်းဖတ်ကြားသည်။ ထို့နောက် တက်ရောက်လာ သူများက ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ ပိုစတာ များ၊ စာအုပ်များ၊ ဂျာနယ်များကို ကြည့်ရှုအားပေး၍ အထိမ်းအမှတ်



ဆိုင်းဘုတ်ကို မြို့နယ်ဦးစီးဌာနမှူးရုံးရှေ့၌ စိုက်ထူခဲ့ကြောင်း သိရ သည်။

**မြို့နယ်(ပြန်/ဆက်)**

# ပန်းတောင်းမြို့နယ်၌ ပေါင်ကြီးတင်စနစ်ဖြင့် နွေနှမ်းများ စတင်စိုက်ပျိုး

**ပန်းတောင်း မတ် ၂၀**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်း မြို့နယ်၌ ဒေသအတွင်း စားသုံးဆီ ဖူလုံပိုလျှံရေးအတွက် နတ်မောက်



ကျေးရွာ၌ ဆီထွက်သီးနှံ တစ်မျိုး ဖြစ်သည့် နွေနှမ်းများ ပေါင်ကြီး တင်စနစ်ဖြင့် မတ် ၁၈ ရက် က စတင်စိုက်ပျိုးလျက်ရှိသည်။

တောင်သူများ အနေဖြင့် ပေါင်ကြီးစနစ်ဖြင့် နွေနှမ်းသီးနှံ များ စိုက်ပျိုးမည်ဆိုပါက မြေ အနေအထားပေါ်မူတည်၍ သုံးပေ၊ လေးပေ အကျယ် မြေပေါင်များ ပြုလုပ်ပြီး မျိုးစေ့ချကိရိယာဖြင့် စနစ်တကျ စိုက်ပျိုးရကြောင်း၊ စနစ်တကျ စိုက်ပျိုးမှုကြောင့် မျိုးစေ့ကုန်ကျမှု သက်သာ ကြောင်း၊ ရေသွင်းရေထုတ် လွယ်ကူသဖြင့် အပင်ဖြစ်ထွန်းမှု ကောင်းမွန်လျက်ရှိကြောင်း သိရ သည်။

ပန်းတောင်းမြို့နယ်၌ ဆီ ထွက်သီးနှံ နွေနှမ်း ၁၀ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး စိုက်ပျိုးထားရှိ သော နွေနှမ်းများ အထွက်နှုန်း ကောင်းမွန်ရေး မြို့နယ်စိုက်ပျိုး ရေးဦးစီးဌာနက ဒေသခံတောင်သူ များနှင့် ပူးပေါင်းဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

**လပြည့်လင်း(ပြန်/ဆက်)**

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံ ကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

**နေပြည်တော် မတ် ၂၀**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအပြင် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကိုလည်း လက်ခံဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦးနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုပြီး လူနာတစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများပေးအပ်သည်။ **(အပေါ်ပုံ)**

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦးနှင့်အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ဆေးရုံအတွက် အလှူငွေများ ပေးအပ်သည်။

အလားတူ ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ တပ်မတော်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုကြသည်။

ဦးစွာ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် လူနာတစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံအသီးသီးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံအတွင်း တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ရောက်နေသည့် ပြည်ပနိုင်ငံသား ၆၂ ဦးအား မြဝတီမြို့နယ် အမှတ်(၅) ရပ်ကွက် ကျွန်းတောလမ်းရှိ အထည်ချုပ်စက်ရုံဟောင်းအတွင်း ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၀**

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုံးဝအခြေမပြု နိုင်စေရေးအတွက် အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များသည်လည်း အွန်လိုင်းလိမ်လည် လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းများနှင့် နိုင်ငံအတွင်းသို့ ပြည်ပနိုင်ငံသားများ တရားမဝင်ဝင်ရောက်နေထိုင်မှုမရှိစေရေးတို့ကို အသေးစိတ်စစ်ဆေးကြပ်မတ် ဆောင်ရွက်လျက်ရှိသည်။

မြဝတီမြို့ အမှတ်(၅)ရပ်ကွက် ကျွန်းတောလမ်းရှိ အထည်ချုပ်စက်ရုံဟောင်းအတွင်း တရားမဝင်နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား ၆၂ ဦး ဖမ်းဆီးရရှိမှုနေရာပြပုံ




ထိုသို့ ဆောင်ရွက်လျက်ရှိစဉ် ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၅)ရပ်ကွက် ကျွန်းတောလမ်းအနီးတစ်ဝိုက်တွင် မြန်မာနိုင်ငံအတွင်း တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်နေသည့် ပြည်ပနိုင်ငံသားများ ဝင်ရောက်ပုန်းအောင်းနေထိုင်လျက်ရှိကြောင်း သတင်းများအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့များက သွားရောက်စစ်ဆေးရာ ယနေ့မွန်းလွဲ ၁ နာရီခွဲခန့်တွင် အဆိုပါလမ်းရှိ အထည်ချုပ်စက်ရုံဟောင်းအတွင်း ပုန်းအောင်းနေသည့် တရုတ်နိုင်ငံသား အမျိုးသား ၆၁ ဦး၊ အမျိုးသမီး တစ်ဦး စုစုပေါင်း ၆၂ ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့သည်။



တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၆၂ ဦးကို တွေ့ရစဉ်။

ထိုသို့ မြန်မာနိုင်ငံအတွင်း တရားမဝင် နယ်စပ်ဖြတ်ကျော်၍ ဝင်ရောက်လာသော တရုတ်နိုင်ငံသားအား သက်ဆိုင်ရာ၌ ထိန်းသိမ်းထားရှိပြီး ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေပုဒ်မ ၃(၁)/ ၁၃(၁)အရ အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မိန်းကလေးနှစ်ဦးကို တရုတ်နိုင်ငံသို့ တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် မတ် ၂၀**

မိန်းကလေးနှစ်ဦးကို တရုတ်နိုင်ငံသို့ တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်လိုက်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နေ မိန်းကလေးနှစ်ဦးသည် မြောက်ဥက္ကလာပမြို့နယ်ရှိ အထည်ချုပ်စက်ရုံတစ်ခုတွင် အလုပ်လုပ်ကိုင်ရာ တစ်နေ့လျှင် ငွေကျပ် ၅၀၀၀ သာ ရရှိသဖြင့် အလုပ်မှထွက်ပြီး အခြားအလုပ်အကိုင်ရှာဖွေနေစဉ် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်နေ နှင်းဝေဖြိုး(ခ)မနှင်းနှင့်တွေ့ဆုံခဲ့ရာ မနှင်းဝေဖြိုးက တရုတ်နိုင်ငံသားနှင့် လက်ထပ်မည်ဆိုပါက တစ်ဦးလျှင် ငွေကျပ်သိန်း ၈၀ စီရမည်၊ တစ်နှစ်စာချုပ် ချုပ်ဆို၍အတူ ပေါင်းသင်းနေထိုင်ရမည်၊ တရုတ်နိုင်ငံသို့ နိုင်ငံကူးလက်မှတ်ပြုလုပ်၍ လေယာဉ်ဖြင့် ပို့ဆောင်ပေးမည်ဟု စည်းရုံးပြောဆိုခဲ့၍ လက်ကိုင်ဖုန်းဖြင့် ဓာတ်ပုံရိုက်ကူးကာ တရုတ်အမျိုးသားတစ်ဦးထံ ပို့ပေးခဲ့ကြောင်း။

ထို့နောက် နိုင်ငံကူးလက်မှတ်ပြုလုပ်ပေးရာ အဆင်မပြေသဖြင့် ရန်ကုန်-မန္တလေး-မြစ်ကြီးနားမှတစ်ဆင့် တရုတ်နိုင်ငံသို့ ဆက်လက်ပို့ဆောင်မည်ဖြစ်ကြောင်းပြောဆို၍ အောင်မင်္ဂလာကားဝင်းသို့ ခေါ်ဆောင်လာစဉ် ဖမ်းဆီးရမိသဖြင့် အမှတ်(၆)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (ရန်ကုန်)မှ တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ သဃ်္ဃန်းကျွန်းမြို့မရဲစခန်း(ပ)၆၅/၂၀၂၅၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး မတ် ၁၈ ရက်တွင် သဃ်္ဃန်းကျွန်းခရိုင်တရားရုံးမှ တရားခံ နှင်းဝေဖြိုး(ခ)မနှင်းကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၅ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှယာဉ်ကို ကျော်တက်လိုပါက ဂရုပြုရမည့်အချက်များ {နည်းဥပဒေ ၂၉၀(က)}**

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှ မော်တော်ယာဉ်ကို ကျော်တက်လိုလျှင် အောက်ပါအချက်များကို ဂရုပြုရပါမည်-

(က) နောက်မှလိုက်ပါနေသော မော်တော်ယာဉ်သည် မိမိမော်တော်ယာဉ်ကိုကျော်တက်ရန် ပြင်ဆင်နေခြင်းရှိမရှိ၊

(ခ) မိမိကျော်တက်လိုသော မော်တော်ယာဉ်သည် ယင်း၏ရှေ့ရှိ မော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်ခြင်း ရှိ မရှိ၊

(ဂ) ကျော်တက်ရာတွင် မိမိအသုံးပြုမည့် ယာဉ်ကြောသွားလာမှု ရှင်း မရှင်း။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

**မိုးရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်း ဖြစ်ပေါ်နိုင်**

**နေပြည်တော် မတ် ၂၀** – မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ်တို့အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသူများအား ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ



မူဆယ်မြို့ ကောင်းမှုတုံရပ်ကွက်အတွင်း တရားမဝင် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများနှင့် ဆက်စပ်ပစ္စည်းများအား တွေ့မြင်ရစဉ်။

နေပြည်တော် မတ် ၂၀

မြန်မာနိုင်ငံ အစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် အလေးထား တိုက်ဖျက်ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ အဆိုပါ ဒုစရိုက်မှုနှိမ်နင်းရေးလုပ်ငန်းများကို တက်ကြွစွာ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိရာ မူဆယ်မြို့ ကောင်းမှုတုံရပ်ကွက်၊ တော်ရွက်ရပ်ကွက်နှင့် စွမ်စော်ရပ်ကွက်များအတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှုလုပ်ငန်းများ အခြေပြုလုပ်ကိုင်လျက်ရှိကြောင်း ဒေသခံ တာဝန်သိပြည်သူများ၏ သတင်းပေးပို့မှုအရ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်နေသော လုံခြုံရေး တပ်ဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် အဆိုပါနေရာများသို့ သွားရောက်၍ လိုအပ်သည့် စုံစမ်းစစ်ဆေးခြင်းနှင့် ရှာဖွေဖော်ထုတ်ခြင်းများကို တစ်ချိန်တည်း တစ်ပြိုင်တည်း ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ခဲ့ရာ ကောင်းမှုတုံ ရပ်ကွက်အတွင်းရှိ နေအိမ်တစ်လုံးအတွင်းမှ အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်လျက်ရှိသည့် တရုတ်နိုင်ငံသား ကျား ၈၅ ဦးကို ဖုန်းမျိုးစုံ ၂၈၆ လုံး၊ ကွန်ပျူတာအလုံး ၃၀၊ Laptop ၂၈ လုံး၊ အဆောက်အအုံ တစ်လုံးတို့နှင့်အတူလည်းကောင်း၊ တော်ရွက်ရပ်ကွက်အတွင်းရှိ နေအိမ်တစ်လုံးအတွင်းမှ အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် ဖုန်းမျိုးစုံ ၄၆ လုံး၊ ကွန်ပျူတာ ၁၈ လုံးတို့ကို လည်းကောင်း၊ စွမ်စော်ရပ်ကွက်အတွင်းရှိ နေအိမ်တစ်လုံးအတွင်းမှ အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ဖုန်းမျိုးစုံ ၈၅ လုံး၊ ကွန်ပျူတာ ၁၀ လုံးတို့ကို လည်းကောင်း အသီးသီးဖော်ထုတ်တွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။



မူဆယ်မြို့ ကောင်းမှုတုံရပ်ကွက်အတွင်း တရားမဝင် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများကို ဖမ်းဆီးရမိသည့် အဆောက်အအုံအား တွေ့မြင်ရစဉ်။






မူဆယ်မြို့ စွမ်စော်ရပ်ကွက်အတွင်း တရားမဝင် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်သူများကို ဖမ်းဆီးရမိသည့် အဆောက်အအုံနှင့် ဆက်စပ်ပစ္စည်းများအား တွေ့မြင်ရစဉ်။

လဲချားမြို့နယ် ကောင်းစံကျေးရွာအနီး၌ တရားမဝင် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား တွေ့ရစဉ်။



Starlink များအား တွေ့မြင်ရစဉ်။



All In One Computer များအား တွေ့မြင်ရစဉ်။



လဲချားမြို့နယ် ကောင်းစံကျေးရွာအနီး၌ တရားမဝင် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် အဆောက်အအုံများအား တွေ့မြင်ရစဉ်။



Freezer များအား တွေ့မြင်ရစဉ်။

ထို့ပြင် နယ်မြေလုံခြုံရေး ဆောင်ရွက်နေသော လုံခြုံရေး တပ်ဖွဲ့ဝင်များသည် ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် ကောင်းစံကျေးရွာ အနီးတစ်ဝိုက်တွင် နယ်မြေရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်စဉ် ယနေ့ ညနေပိုင်း၌ အဆိုပါကျေးရွာ၏ အနောက်ဘက်မီတာ ၃၀၀၀ ခန့်အကွာတွင် အလျားပေ ၁၃၀၊ အနံပေ ၅၀ ရှိ အဆောက်အအုံ နှစ်လုံး၊ အလျားပေ ၉၀၊ အနံပေ ၃၀ ရှိ လူနေအဆောက်အအုံ သုံးလုံး၊ အလျားပေ ၆၀၊ အနံပေ ၃၀ ရှိ လူနေအဆောက်အအုံ သုံးလုံး၊ အလျားပေ ၁၅၀၊ အနံပေ ၅၀ ရှိ ဂိုဒေါင်တစ်လုံး၊ အလျားပေ ၁၈၀၊ အနံပေ ၆၀ ရှိ အဆောက်အအုံ တစ်လုံး၊ Starlink ၁၀ လုံး၊ All in One ကွန်ပျူတာ ၅၅ လုံး၊ Power Station ၁၀ လုံးနှင့် ဆက်စပ်ပစ္စည်းများအား ထပ်မံဖော်ထုတ်သိမ်းဆည်းနိုင်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ကျူးလွန်လျက်ရှိသည့် ဖမ်းဆီးရမိသူများနှင့် သိမ်းဆည်းရမိ ဆက်စပ်ပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။



မန္တလေးမြို့ မဟာအောင်မြေခရိုင် ပြည်ကြီးတံခွန်မြို့နယ်တွင် ခရိုင်မီးသတ်ဦးစီးမှူး ဦးမင်းမင်းစိုးဦးဆောင်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦးနှင့် သန္ဓေတပ်ဖွဲ့ဝင် ၁၀ ဦးတို့ဖြင့် မြို့နယ်အတွင်းရှိ စက်ရုံအလုပ်ရုံများ၊ စက်သုံးဆီဆိုင်များအား မတ် ၂၀ ရက်က မီးဘေးလုံခြုံရေးစစ်ဆေးစဉ်။

မြို့နယ်(ပြန်/ဆက်)

# အရှေ့အလယ်ပိုင်း၌ တင်းမာမှုများမြင့်တက်နေချိန်တွင် သီရိလင်္ကာနိုင်ငံက ကြားနေသဘောထားကို ထိန်းသိမ်းထားသည်ဟု သမ္မတက ပြောကြား

ကိုလံဘို မတ် ၂၀

အရှေ့အလယ်ပိုင်းတွင် တင်းမာမှုများမြင့်တက်နေချိန်တွင် သီရိလင်္ကာနိုင်ငံအနေဖြင့် ကြားနေသဘောထားကို ထိန်းသိမ်းထားကြောင်း သမ္မတ အန်နူရာ ကူမာရာ ဒစ္စနာယာကီက လွှတ်တော်တွင် မတ် ၂၀ ရက်က ပြောကြားခဲ့သည်။




သီရိလင်္ကာနိုင်ငံသည် မတ် ၉ ရက်မှ ၁၃ ရက်အကြား ချစ်ကြည်ရေးဆိပ်ကမ်းသို့ သင်္ဘောသုံးစင်း ဆိုက်ကပ်ရန်အတွက် အီရန်ထံမှ ဖေဖော်ဝါရီ ၂၆ ရက်က တောင်းဆိုချက်ကို လက်ခံရရှိခဲ့သည်ဟု အစိုးရ၏ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်များအား အသိပေးသည့်အနေဖြင့် သမ္မတ အန်နူရာ ကူမာရာ ဒစ္စနာယာကီက ပြောကြားခဲ့သည်။

ယင်းနေ့နှောင်းပိုင်းက သီရိလင်္ကာနိုင်ငံ မတ်တလာလေဆိပ်သို့ ဂျီဘူတီအနီးမှ စစ်လေယာဉ်နှစ်စင်းဆင်းသက်ရန် အမေရိကန်က ခွင့်ပြုချက်တောင်းခဲ့သေးကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကြားနေနိုင်ငံ သို့မဟုတ် ဘက်မလိုက်သော နိုင်ငံတစ်နိုင်ငံအနေဖြင့် သီရိလင်္ကာနိုင်ငံသည် သမာသမတ်ကျမှုကို ဆက်လက်ထိန်းသိမ်းထားလိုသောကြောင့် တောင်းဆိုမှုနှစ်ခုစလုံးကို ငြင်းဆိုခြင်းမရှိကြောင်း ဒစ္စနာယာကီက ပြောကြားသည်။

ဆင်ဟွာ

# လာအိုနိုင်ငံ၌ စက်သုံးဆီကုန်ကျစရိတ်ဖိအားကြောင့် ကျောင်းတက်ရက်များ လျှော့ချ

ဗီယင်ကျန်း မတ် ၂၀

လာအိုနိုင်ငံတစ်ဝန်း စာသင်ကျောင်းများတွင် စာသင်ကြားရေးအချိန်များကို ညှိနှိုင်းမှုပြုလုပ်ရန် အစိုးရက ညွှန်ကြားထားကြောင်း သိရသည်။

လတ်တလောဖြစ်ပေါ်နေသည့် စက်သုံးဆီဈေးနှုန်းများမတည်မငြိမ်ဖြစ်နေချိန် မိသားစုများအပေါ် ငွေရေးကြေးရေး ဖိအားများ လျှော့ချရန်အတွက် ကျောင်းတက်ရက်များကို ငါးရက်မှ သုံးရက်အထိ လျှော့ချရန် အစိုးရက ညွှန်ကြားခဲ့သည်။

ဝန်ကြီးချုပ်ရုံးက မတ် ၁၉ ရက်တွင် ထုတ်ပြန်သည့်ကြေညာချက်အရ သင်ကြားရေးအချိန်ဇယားများကို ချက်ချင်းပြောင်းလဲဆောင်ရွက်စေပြီး ပညာရေးအဆင့်အတန်းကို ထိန်းသိမ်းထားရန်နှင့် စီးပွားရေးအခြေအနေများ ပို၍ဆိုးရွားလာပါက နောက်ထပ်အရေးပေါ်အစီအမံများပြုလုပ်သွားရန် အချက်ပြထားသည်။

ညွှန်ကြားချက်အရ ပုဂ္ဂလိကနှင့် အစိုးရကျောင်းများအားလုံးတွင် ကျောင်းတက်ရက်ကို တစ်ပတ်လျှင် ငါးရက်မှ သုံးရက်အထိ လျှော့ချရန် ပါဝင်သည်။ စာသင်ကျောင်းများသည် သင်ရိုးညွှန်းတမ်းများ အပြည့်အစုံ ပြီးစီးရမည်ဖြစ်ပြီး လွတ်သွားသည့်စာသင်ချိန်များအစား စာသင်နှစ်သက်တမ်းကို တိုးချဲ့သွားမည်ဖြစ်သည်။

ယင်းကဲ့သို့လုပ်ဆောင်ခြင်းသည် မိသားစုများ၏ သယ်ယူပို့ဆောင်ရေးကုန်ကျစရိတ်ကို လျှော့ချရန်နှင့် စာသင်ကြားရာတွင် ပုံမှန်ဆက်လက်သင်ကြားနိုင်ရေး ရည်ရွယ်သည်။ စက်သုံးဆီနှင့်ပတ်သက်၍ ဖိအားများ ဆက်လက်တည်ရှိနေပါက နောက်ထပ်လုပ်ဆောင်ရမည့်အရာများကိုလည်း အစိုးရက ညွှန်ကြားထားသည်။

ဒစ်ဂျစ်တယ်အခြေခံပစ္စည်းများ လုံလောက်မှုရှိသည့် ကျောင်းများတွင် အဝေးသင်စနစ်ကို ပြောင်းလဲရမည်ဖြစ်ပြီး လုံလောက်မှုမရှိသည့် ကျောင်းများတွင်မူ လုပ်ငန်းများကို ခေတ္တရပ်နားထားရမည်ဖြစ်သည်။

စီးပွားရေးအရ သက်သာချောင်ချိမှုနှင့် ပညာရေးသင်ကြားမှုတွင် အနှောင့်အယှက်မဖြစ်စေရေးတို့ ဟန်ချက်ညီရန်အတွက် အဆိုပါကိစ္စရပ်များကို ချက်ချင်း အကောင်အထည်ဖော်ဆောင်ရွက်ရန် မိဘ၊ ဆရာနှင့် ကျောင်းသားများကို အရာရှိများက တိုက်တွန်းထားသည်။

ဆင်ဟွာ

# တောင်ကိုရီးယားနိုင်ငံ၏ ကားအစိတ်အပိုင်းစက်ရုံ မီးလောင်မှုကြောင့် ၅၅ ဦး ဒဏ်ရာရပြီး ၁၄ ဦး ပျောက်ဆုံး

ဆိုးလ် မတ် ၂၀

တောင်ကိုရီးယားနိုင်ငံ၏ ကားအစိတ်အပိုင်း ထုတ်လုပ်ရေးစက်ရုံတွင် မတ် ၂၀ ရက်က မီးလောင်မှုကြောင့် ၅၅ ဦး ဒဏ်ရာရရှိပြီး ၁၄ ဦး ပျောက်ဆုံးလျက်ရှိသည်ဟု ယွန်ဟပ်သတင်းအေဂျင်စီ၏ ဖော်ပြချက်အရ သိရသည်။



ဆိုးလ်မြို့ အရှေ့တောင်ဘက် ၁၄၀ ကီလိုမီတာအကွာရှိ ဒယ်ဂျုံမြို့စက်ရုံတွင် မွန်းလွဲပိုင်း ၁ နာရီ ၁၇ မိနစ်က မီးစတင်လောင်ခဲ့ခြင်းဖြစ်သည်။ ညနေ ၃ နာရီခွဲတွင် ပြင်းပြင်းထန်ထန် ဒဏ်ရာရရှိသူ ၂၄ ဦးရှိပြီး အသေးစားဒဏ်ရာများ ရရှိသူ ၃၁ ဦးရှိသည်။

ဒဏ်ရာရရှိသူအချို့မှာ မီးခိုးငွေ့များ ရှူရှိုက်မိခြင်းကြောင့် ဖြစ်ပြီး အချို့မှာမီးလောင်နေသည့် စက်ရုံပေါ်မှ ခုန်ချခြင်းကြောင့် ဒဏ်ရာရရှိခြင်း ဖြစ်သည်။ မီးလောင်မှုဖြစ်ပွားနေစဉ် စက်ရုံအတွင်း အလုပ်လုပ်ကိုင်နေသည့် အလုပ်သမားပေါင်း ၁၇၀ ရှိသည်။

၁၄ ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်သည်။ မီးသတ်ကားအစီး ၉၀ နှင့် စက်ကိရိယာများ၊ မီးသတ်သမား ၂၀၀ ခန့်တို့က မီးလောင်မှုဖြစ်ပွားရာ၌ ပါဝင်ငြိမ်းသတ်ခဲ့ပြီး တောင်ကိုရီးယား သစ်တောဌာနက ရဟတ်ယာဉ်များဖြင့် မီးငြိမ်းသတ်ရာတွင် အကူအညီပေးခဲ့သည်။

ဓာတုဗေဒပစ္စည်းများ ပေါက်ကွဲမှုအန္တရာယ်နှင့် အဆောက်အအုံပြိုကျမည့် အန္တရာယ်တို့ကြောင့် ကယ်ဆယ်ရေး လုပ်သားများ စက်ရုံအတွင်းပိုင်းသို့ မဝင်နိုင်သေးချေ။

အဆောက်အအုံအတွင်းပိုင်းတွင် ဆိုဒီယမ် ကီလိုဂရမ် ၂၀၀ သိုလှောင်သိမ်းဆည်းထားပြီးပေါက်ကွဲနိုင်ခြေရှိသည့် အန္တရာယ်မြင့်မားလျက်ရှိသည်။ ဆင်ဟွာ

# စီးပွားရေးစိန်ခေါ်မှုများကြား လာအိုပြည်တွင်းပြည်ပ အလုပ်သမားများ၏ ဘဝတိုးတက်ရေးဆွေးနွေး

ဗီယင်ကျန်း မတ် ၂၀

အခြေခံလုပ်အားခတိုးမြှင့်ရေးနှင့် အလုပ်သမားရှားပါးမှုဆိုင်ရာကိစ္စရပ်များနှင့် စီးပွားရေးစိန်ခေါ်မှုများကြားတွင် လာအိုနိုင်ငံရင်ဆိုင်နေရသော အဓိကကိစ္စရပ်များကို ဆွေးနွေးရန် လာအိုအမျိုးသားအလုပ်သမားကော်မတီသည် တတိယအကြိမ်မြောက် အစည်းအဝေးကို ခေါ်ယူခဲ့သည်။

လာအို အလုပ်သမားနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာန၏ အစီရင်ခံစာအရ အဆိုပါအစည်းအဝေးကို လာအိုမြို့တော် ဗီယင်ကျန်းတွင် မတ် ၁၉ ရက်က ကျင်းပခဲ့ပြီး အလုပ်သမားများ၏ နေ့စဉ်စားဝတ်နေရေးအပေါ် ရိုက်ခတ်လျက်ရှိသော ရေနံနှင့်ကုန်ဈေးနှုန်းမြင့်တက်မှု၏ အကျိုးသက်ရောက်မှုကို အရေးတကြီးဖြေရှင်းပေးရန်လိုကြောင်း အလေးပေးပြောကြားခဲ့သည်။

အစည်းအဝေးတွင် လွန်ခဲ့သည့်နှစ်၏ အစပျိုးဆောင်ရွက်ချက်များကို ပြန်လည်သုံးသပ်ပြီး အလုပ်သမားပြဿနာများကို အဖြေရှာခဲ့သည်။

ထို့ပြင် အစည်းအဝေးတွင် အမှန်တကယ်ကုန်ကျစရိတ်ကို အကောင်းဆုံးကာမိစေမည့် စီးပွားရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများအတွက် တွက်ချက်ပုံသေနည်းအသစ်ကို ဖန်တီးခြင်းဖြင့် အနိမ့်ဆုံးလုပ်ခလစာ ချိန်ညှိခြင်းအပေါ် အဓိကထားဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတက်ရောက်လာသူများသည် လာအိုအလုပ်သမားများကို ပိုမိုဆွဲဆောင်နိုင်စေမည့် စီမံချက်များ အဆိုပြုခြင်းဖြင့် အလုပ်သမားရှားပါးမှုများကို ကိုင်တွယ်ဖြေရှင်းခဲ့ကြသည်။ ထို့ပြင် ကော်မတီသည် ပြည်တွင်းပြည်ပအလုပ်သမားများမှတ်ပုံတင်ရေးနှင့် အလုပ်သမားအခွင့်အရေးများ အပြည့်အဝရရှိပြီး လုံခြုံမှုရှိစေရန်လည်း ဆွေးနွေးခဲ့သည်။

အစည်းအဝေးတွင် ကော်မတီသည် ရေရှည်တည်တံ့သော လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၏ အဓိကမောင်းနှင်အားအဖြစ် လုပ်သားအင်အား အားကောင်းလာစေရန် ရည်ရွယ်သည့် ငါးနှစ်စီမံကိန်း (၂၀၂၆-၂၀၃၀) ကိုလည်း ထုတ်ဖော်ပြသခဲ့ပါသည်။ ဆွေးနွေးပွဲတွင် လာအိုအလုပ်သမားနှင့် လူမှုဝန်ထမ်း ဒုဝန်ကြီး ဖွန်စေဆက်အင်သာလာက လစာတိုးခြင်းသည် အလုပ်သမားများ၏ နေ့စဉ်လူနေမှုဘဝကို အထောက်အကူပြုရန် အရေးကြီးသည်ဟု ပြောကြားခဲ့သည်။ ဆင်ဟွာ

# အီဂျစ်နိုင်ငံ ဈေးဆိုင်တန်း၌ မီးလောင်မှုဖြစ်ပွားသဖြင့် သုံးဦးထက်မနည်းသေဆုံးကာ ၃၂ ဦး ထိခိုက်ဒဏ်ရာရရှိ

ကိုင်ရို မတ် ၂၀

အီဂျစ်နိုင်ငံ မြောက်ပိုင်း နယူးဒါမီယက်တာမြို့ရှိ ကြီးမားသည့် ဈေးဆိုင်တန်းတစ်ခု၌ မတ် ၂၀ ရက်တွင် မီးလောင်မှုဖြစ်ပွားရာ သုံးဦးထက်မနည်းသေဆုံးပြီး ၃၂ ဦး ဒဏ်ရာရရှိကြောင်း အီဂျစ်နိုင်ငံကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

မိုးပျံပူဖောင်းဓာတ်ငွေ့ဖြည့်ရာတွင် အသုံးပြုသည့် ဟီလီယမ်တိုင်ကီတစ်ခုပေါက်ကွဲမှုဖြစ်ပွားခြင်းမှာ မီးလောင်မှုဖြစ်ပွားရသည့် အဓိကအကြောင်းရင်းဖြစ်ကြောင်း ဒေသတွင်းအာဏာပိုင်များက ပြောကြားသည်။

ဆင်ဟွာ

# အာဖဂန်လခြမ်းနီအဖွဲ့က နေရာပြောင်းရွှေ့ရသည့် မိသားစုဝင်များအတွက် ငွေကြေးအကူအညီ ပေးအပ်

ကာဘူးလ် မတ် ၂၀

အာဖဂန်လခြမ်းနီအဖွဲ့(အေအာစီအက်စ်) သည် အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း ပွါခ်တီယာပြည်နယ်ရှိ နေရပ်စွန့်ခွာပြောင်းရွှေ့ရသည့် ထောင်နှင့်ချီသည့် မိသားစုများအတွက် ငွေကြေးအကူအညီများ ပေးအပ်ခဲ့ကြောင်း ပြည်တွင်းမီဒီယာ တိုလိုနယူးစ်က မတ် ၂၀ ရက်တွင် ထုတ်ပြန်ထားသည်။

ဒန်-အီး-ပက်တန်နှင့် ဇာဇီ အာရီရော့ ခရိုင်အတွင်းရှိ ပဋိပက္ခဖြစ်ပွားခြင်းကြောင့် ထိခိုက်ခဲ့သည့် မိသားစု ၃၀၀၀ မှာ ငွေကြေးအကူအညီများ လက်ခံရရှိကြောင်း ထုတ်ပြန်ချက်အရ သိရသည်။ မိသားစုတစ်စုလျှင် အာဖဂန်နီ ၁၅၀၀၀ (အမေရိကန်ဒေါ်လာ ၂၄၀ ခန့်) အရေးပေါ်လိုအပ်ချက်အတွက် အကူအညီရရှိကြောင်း သိရသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ ငွေကြေးအထောက်အပံ့ ရရှိသူများထဲတွင် ပဋိပက္ခများကြောင့် နေအိမ်များဆုံးရှုံးသဖြင့် နေရာပြောင်းရွှေ့ရသည့် မိသားစုများပါဝင်ပြီး အဆိုပါ အကူအညီသည် ယင်းထိခိုက် ခံစားရသည့် ဒေသအတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေများ တိုးတက်စေရန်ရည်ရွယ်ကြောင်း သိရသည်။ ဆင်ဟွာ

## တောင်တွင်းကြီး၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး

တောင်တွင်းကြီး မတ် ၂၀

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ပြည်သူ့ စာကြည့်တိုက်၌ ကလေးအလုပ်သမားပပျောက်ရေးအသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာန၌ ကျင်းပသည်။

အဆိုပါ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး ဟောပြောပွဲတွင် မြို့နယ်ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်က အလုပ်ရှင်များအတွက် ကလေးသူငယ်အခွင့်အရေးဆိုင်ရာမူများ၊ ကလေးအလုပ်သမား ပပျောက်ရေး ရည်မှန်းချက်(၃) ရပ်၊ ၂၀၁၆ ခုနှစ်ဆိုင်များနှင့် အလုပ်ဌာနများ ဥပဒေမှ ကလေးအလုပ်သမားများ၏ အသက်အရွယ်စသည့် အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးဟောပြောပြီး တက်ရောက်လာသည့် ကျောင်းသားကျောင်းသူများအား ကလေးအလုပ်သမား ပပျောက်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



နောင်နောင် (ဗိသနိုးမြေ)

## သရက်အကျဉ်းထောင်၌ အကျဉ်းသားများအား ကျန်းမာရေးစစ်ဆေးကုသပေး

သရက် မတ် ၂၀

မကွေးတိုင်းဒေသကြီး သရက်မြို့ သရက်ခရိုင်ဆေးရုံ အထူးကုဆရာဝန်များ အဖွဲ့က သရက်အကျဉ်းထောင်သို့ ကွင်းဆင်းပြီး အကျဉ်းသားအကျဉ်းသူများအား ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းကို ယမန်နေ့က ဆောင်ရွက်သည်။



ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းဆောင်ရွက်ရာသို့ အကျဉ်းသား အကျဉ်းသူ စုစုပေါင်း ၁၄၈ ဦး လာရောက်ပြသခဲ့ရာ သွေးပေါင်ချိန်တိုင်းပေးခြင်း၊ သွေးချို ဆီးချိုရောဂါ စစ်ဆေးပေးခြင်း၊ ECG စစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး လိုအပ်သည့်ဆေးဝါးများကို စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

### ပတ်စ်ပို့ပျောက်

သာယာဝတီခရိုင်၊ သာယာဝတီမြို့၊ အလယ်ကုန်းရပ်ကွက်နေ မမေမျိုးသူ ၉/ပဘန(နိုင်)၂၆၅၉၅၁ ၏ နိုင်ငံကူးလက်မှတ်အမှတ် MH 038512 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **မမေမျိုးသူ**
**ဖုန်း-၀၉ ၇၅၆၈၄၁၆၉၉**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 23W/47395, ZONG SHEN 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်ထွဋ် ၇/ပတန(နိုင်)၀၉၉၀၂၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

စာပေ
မြင့်မှ
လူမျိုးတင့်မည်

## ပြည်မြို့နယ်၌ မိုးနှောင်းဝါကောက်သိမ်းနေမှုအား ကွင်းဆင်းကြည့်ရှု

ပြည် မတ် ၂၀

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်အတွင်းရှိ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် သမဝါယမကဏ္ဍမှ Raga-666 (BT) မျိုးနှင့် သွင်းအားစုများကို သမဝါယမ အသင်းစုပိုင်ငွေဖြင့် ဆောင်ရွက်သည့် အခြေခံ သမဝါယမအသင်း ခုနစ်သင်း၊ အသင်းသားတောင်သူ ၅၆၅ ဦး၏ စိုက်ဧက ၂၇၀၀ အနက် ဝန်တင်ဆိပ်ကျေးရွာ ဝန်တင်ဆိပ်စိုက်ပျိုးရေးနှင့်အထွေထွေသမဝါယမအသင်းမှ အသင်းသားတောင်သူ ဦးသိန်းဦး၏ Raga-666 (BT) မျိုးများဖြင့် စိုက်ပျိုးထားသော မိုးနှောင်းဝါ ပဥ္စမအကြိမ်မြောက် ကောက်သိမ်းနေမှု အခြေအနေကို မြို့နယ်သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုတို့မှ တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုခဲ့ရာ တစ်ဧကလျှင် ပျမ်းမျှ ၁၁၅၇ ပိဿာနှုန်း ထွက်ရှိကြောင်း သိရသည်။



သတင်းစဉ်

လျှပ်စစ်ကိုချွေတာ
သုံးစွဲခြင်းဖြင့်
မီတာခများများ
ကျသင့်ခြင်းမှ
ရှောင်ရှားပါ။

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

